# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလပြည့် ၊ စနေနေ့ ၊ (12-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြစဉ်။

**နေပြည်တော် ဧပြီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ညောင်ရွှေမြို့နယ် ပထမမိုင်းသောက် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊

စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၁၂ ရက်
အယ်ဒီတာ့အာဘော်

## လျှင်ကပေးသည့်သင်ခန်းစာယူ ကြိုတင်စီမံသတိမူ

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သော မန္တလေးမြေလျှင်ကြီးလှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီး လူထိခိုက်သေဆုံးမှုများ၊ အဆောက်အအုံ၊ လမ်းတံတား၊ ဘုရားစေတီပုထိုးများစွာလည်း ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည်။ လျှင်လှုပ်ပြီးလျှင်ပြီးချင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များအပါအဝင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးက ကူညီကယ်ဆယ်ရေးများ အင်တိုက်အားတိုက် ဆောင်ရွက်ကြခြင်း၊ အလှူငွေများ တတ်စွမ်းသရွေ့ ကူညီလှူဒါန်းကြခြင်းသည် အရေးကြီးလျှင် သွေးနီးသည့် မြန်မာ့စိတ်ထားအဖြစ် တွေ့မြင်ရသည်။

မန္တလေးမြေလျှင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မတ် ၂၈ ရက်မှ မေ ၁၀ ရက်နေ့ နံနက်ပိုင်းချိန်ထိ လျှင်ဒဏ်ကြောင့် သေဆုံးခဲ့ရသူ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိခဲ့သူ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးနေသူ ၁၄၅ ဦးရှိကြောင်း စိတ်မကောင်းစွာကြားသိရသည်။ နေအိမ်ပျက်စီးမှု ခြောက်သောင်းကျော်၊ စာသင်ကျောင်းပေါင်း ၂၃၆၆ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်ပေါင်း ၃၅၁၄ ကျောင်း၊ ဘုရားစေတီပေါင်း ၅၆၂၀၊ ဆေးရုံဆေးခန်း ၂၉၁ ခု၊ လမ်းတံတားများစွာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည်။ လျှင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခုဖြစ်သည့်အတွက် လျှင်ကြောင့်ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်အသွယ်သွယ်ကို အတတ်နိုင်ဆုံးလျော့ပါးသက်သာအောင် ဖြစ်ပွားပြီးသော လျှင်ကပေးသည့်သင်ခန်းစာကိုယူ၍ သတိရှိရှိ ကြိုတင်စီမံကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မေ ၁၀ ရက်က တွေ့ဆုံရာ၌ **"လျှင်လှုပ်ခတ်ခဲ့မှုကြောင့် သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စနစ်တကျဖြင့်သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်သည်ကို သိရှိခဲ့ကြရကြောင်း၊ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် အဆောက်အအုံများကိုစစ်ဆေးခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်မှုမရှိခဲ့ခြင်းနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်မညီညွတ်ဘဲ ဆောက်လုပ်ထားသည်ကို စိစစ် တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်းဖြစ်ပြီး ပေးဆပ်မှုအလွန်ကြီးမားခဲ့ရကြောင်း"** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မန္တလေးမြေလျှင်ကြီးကြောင့် လမ်းတံတား အဆောက်အအုံ စသည့်ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဒေသခံများပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအချင်းချင်း ကူညီထောက်ပံ့လှူဒါန်းကြမှုများအပြင် နိုင်ငံတကာမှလည်း မေ ၉ ရက်နေ့ ညနေပိုင်းထိ စာရင်းများအရ လေယာဉ် ၁၀၆ ခေါက် ရောက်ရှိထားပြီး ကယ်ဆယ်ရေးဝန်ထမ်း ၁၇၃၈ ဦး၊ ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၁၄၇၂ တန်ကျော်၊ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၁၁၀၀ ကျော် ရောက်ရှိထားကြောင်း သိရသည့်အတွက် စေတနာထက်သန်ကြမှုကိုလည်း အထင်အရှားတွေ့ရပြီး ဝမ်းပန်းတသာကြိုဆိုအပ်ပါသည်။

လျှင်ဘေးသည် အလွန်ခေတ်မီတိုးတက်သော သိပ္ပံပညာရပ်များဖြင့်ပင် ကြိုတင်ခန့်မှန်းတွက်ချက်မရနိုင်သည်ဖြစ်ရာ လျှင်နိမိတ်ဖတ်နေမှုများအပေါ် စိုးရိမ်ပူပန်မှုများဖြင့် စိတ်ဖိစီးမှုဖြစ်ရန် မလိုအပ်ပါ။ သို့သော် ယခုအသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရမှုအပေါ် သင်ခန်းစာယူ၍ အဆောက်အအုံများဆောက်လုပ်ရာတွင် အင်အားပြင်းလျှင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံ၊ လမ်းတံတားများ တည်ဆောက်ထားခြင်း၊ လျှင်ဆိုင်ရာအသိပညာများ ကျယ်ပြန့်စွာ အသိပေးခြင်း၊ ရှာဖွေကယ်ဆယ်မှုများ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန် လေ့ကျင့်ပံ့ပိုးပေးခြင်း စသောကြိုတင်စီမံထားခြင်းဖြင့် မည်သို့သော လျှင်ဘေးကြုံသည်ဖြစ်စေ ထိခိုက်သေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုများကို အနည်းပါးဆုံးဖြစ်သွားအောင် လျှော့ချသွားနိုင်မည်ပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးလျှင်ကြီးကြောင့် ရောဝတီတံတား(ရတနာပုံ) တံတားပေါ်နှင့်ချဉ်းကပ်လမ်းများ ပျက်စီးမှုတချို့ ကြည့်ရှုစစ်ဆေး




**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မေ ၁၀ ရက် နံနက်ပိုင်းက မန္တလေးလျှင်ကြီးကြောင့် ရောဝတီတံတား (ရတနာပုံ)တံတားပေါ်နှင့် ချဉ်းကပ်လမ်းများ၌ ထိခိုက်ပျက်စီးမှုတချို့ဖြစ်ပေါ်ခဲ့မှု၊ တံတားကြံ့ခိုင်မှု၊ တံတားပေါ်ဖြတ်သန်းသွားလာနေမှုအခြေအနေများ၊ အန္တရာယ်ရှိအဆောက်အအုံကို ဝန်ချီစက်ယန္တရားယာဉ်ကြီးအသုံးပြု၍ဖြိုချဖယ်ရှားရှင်းလင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လျှင်ဒဏ်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ အန္တရာယ်ရှိအဆောက်အအုံကို ဖြိုချဖယ်ရှားရှင်းလင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ရောဝတီတံတား (ရတနာပုံ)သို့ သွားရောက်ပြီး တာဝန်ရှိသူများက လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတချို့ဖြစ်ပေါ်ခဲ့မှုနှင့် တံတားရေရှည် ကြံ့ခိုင်ရေးအတွက် လုပ်ငန်းအစီအမံများဖြင့်ဆောင်ရွက်နေမှု၊ နေ့စဉ်တံတားပေါ်မှသွားလာဖြတ်သန်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရီးသွားပြည်သူများသွားလာမှုအခက်အခဲမဖြစ်ပေါ်စေရေးနှင့် တံတားရေရှည်ကြံ့ခိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြင့်စနစ်တကျစီမံကွပ်ကဲ၍ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် အလေးထားကာ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး တံတားရေရှည်ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမရပူရမြို့နယ်ရှိ သမိုင်းဝင် ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရားနှင့် ရွှေကြက်ကျဆုတောင်းပြည့် မြတ်စွာဘုရားများသို့သွားရောက်ဖူးမြော်၍ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကလေးမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

**ကလေး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၉၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၁ ဒသမ ၃၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၉၂၉၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိမှာတော့ ရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖူးစားပြောင်းအဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၈၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်အတွင်း ဖူးစားပြောင်းအဖူးရေ၉၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မတ်လအတွင်းက ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းအဖူးရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့ရောင်းချအား ကောင်းခဲ့တာဖြစ်ပါတယ်"ဟု ဝါးခယ်မမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ် ဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၁၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် ပါဆန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာ

**မိုင်းဖြတ် ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် နမ့်ကုန်းကျေးရွာအုပ်စု ပါဆန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ပါဆန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဖြတ်မြို့နယ် ပါဆန်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ နှစ်ဖက်သောမိဘများကို အမှူးထား၍ ကိုသန့်စင်-မအေးအေးငြိမ်းမိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ကုလားပဲ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၂ ဒသမ ၆၂ တင်း ထွက်ရှိ



**ဒီပဲယင်း ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ကုလားပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၆၁ တင်း ထွက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၅၄၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈) နှင့် ရေဆင်း(၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့်ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၁ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ဆက်လက်ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ဖရဲသီးများ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှဒေသထွက် ဖရဲသီးများ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဖရဲသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။


ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဖေဖော်ဝါရီလက ဖရဲသီးအလုံးရေ ၇၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဖရဲသီးအလုံးရေ ၉၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဈေးကွက်ကို ဖရဲသီး တင်ပို့အားက တစ်လနဲ့တစ်လ မတူသလို တစ်နေ့နဲ့တစ်နေ့လဲ မတူပါဘူး။ ပိုမိုတင်ပို့ရောင်းချလာရပါတယ်။ လက်ရှိ ဒေသထွက် ဖရဲသီးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒါကလဲ ရန်ကုန်ဈေးကွက်ကို အခြားဒေသတွေက ဖရဲသီးတွေ အဝင်နည်းနေတာကြောင့်ပါ။ ကျောင်းကုန်းဒေသကထွက်တဲ့ ဖရဲသီးက အရည်အသွေး ကောင်းပါတယ်။ အထွက်နှုန်းကလဲ မဆိုးပါဘူး။ ဒီနှစ် ရာသီကုန်ဖရဲသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ဖရဲသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြောင်း၊ လက်ရှိ ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဖရဲသီးရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် ဖရဲသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



ဒေါက်တာလပြည့်ခင်

# မက်မန်းသီး၏ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ



မက်မန်းသီးကို အင်္ဂလိပ်လို Damson ဟုခေါ်ပြီး မက်မန်းပင်သည် ပန်းပွင့်သော အပင်မျိုးစိတ်တစ်ခု ဖြစ်ကာ မက်မွန်ပင်၊ တရုတ်ဆီးသီးပင်၊ ချယ်ရီပင်တို့နှင့် မျိုးရင်းတူသည်။ ရုက္ခဗေဒအမည်မှာ Prunus Domestica ဖြစ်သည်။ မက်မန်းပင်သည် စိုစွတ်အေးမြသည့်ခဲမြေကို နှစ်သက်ပြီး မူလပေါက်ရောက်ရာဒေသမှာ ဥရောပတိုက်တောင်ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်းတို့ဖြစ်ရာ ထိုမှတစ်ဆင့် အမေရိကတိုက်၊ အာရှတိုက်နှင့် ဥရောပအနောက်ပိုင်းတို့ဆီသို့ ပျံ့နှံ့သွားကြသည်။ ကိုလိုနီခေတ်တွင် မျက်နှာဖြူများက မြန်မာနိုင်ငံကို သယ်ဆောင်လာခဲ့သည်ဟု အဆိုရှိသည်။

မက်မန်းပင်သည် မြန်မာနိုင်ငံတွင် ပေ ၃၀၀၀ နှင့် ထိုထက်မြင့်သော ရှမ်းကုန်းပြင်မြင့်များ၌သာ ပေါက်ရောက်သောကြောင့် အောင်ပန်း၊ ကလော၊ ပြင်ဦးလွင်၊ နောင်ချိုနှင့် တောင်ကြီးမြို့တို့၏ အနီးတစ်ဝိုက်တွင် စိုက်ပျိုးဖြစ်ထွန်းကြောင်း တွေ့ရသည်။ အထူးသဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံးနေရာ၌ ၂၀၅ ပေရှိပြီး အမြင့်ဆုံးနေရာ၌ ၄၂၉၅ ပေရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပေါင်းစုံ စိုက်ပျိုးဖြစ်ထွန်းသော ပြင်ဦးလွင်ဒေသတွင် မက်မန်းပင်ကို အများဆုံးစိုက်ပျိုးလျက်ရှိသည်။ မက်မန်းသီးကို မက်မန်းယို၊ တော်ဖီ၊ မက်မန်းချို၊ မက်မန်းချဉ်၊ မက်မန်းဝိုင်ပြုလုပ်ပြီး ပြည်တွင်းဈေးကွက်တွင် ရောင်းချသည့်အပြင် နယ်စပ်မှတစ်ဆင့် မလေးရှားနိုင်ငံသို့လည်းတင်ပို့ကြောင်း မက်မန်းလုပ်ငန်းရှင်များထံမှ သိရသည်။ မက်မန်းသီးကို အကြမ်းအားဖြင့် သီးစားမျိုးနှင့် ဆားရည်စိမ်ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ မက်မန်းကုန်ကြမ်းကို ပြင်ဦးလွင်ရှိ အင်းထိပ်၊ ပန်းဥတောင်၊ ဆင်ဖြူအင်း၊ မျှော်တောကျေးရွာတို့အပြင် နောင်ချိုနှင့် အခြားမက်မန်းစိုက်တောင်သူများထံမှလည်း ဝယ်ယူရရှိနိုင်သည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မုံးထမြို့ရှိ ဒေသခံပြည်သူများသည် ရာသီအလိုက်သီးနှံများကို အဓိကထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။

မက်မန်းပင်ကို ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စတင်စိုက်ပျိုးပြီး မေလနှင့် ဇွန်လတို့တွင် အသီးခူးဆွတ်နိုင်ပါသည်။ မက်မန်းပင်သည် ချုံငယ်မျိုးသို့မဟုတ် အပင်ငယ်မျိုးဖြစ်ပြီး အကိုင်းအခက်အလက်အမြောက်အမြားထိုးထွက်သည်။ ပန်းပွင့်များသည် အဖြူနှင့် အစိမ်းနုနုအရောင်များဖြစ်ပြီး နွမ်းသွားသည့်အချိန်တွင် ပန်းရောင်နှင့် အနီရောင်သို့ ပြောင်းသွားတတ်သည်။ များသောအားဖြင့် ပန်းပွင့်များသည် အရွက်များမထွက်မီ ထွက်လာကြသည်။ မက်မန်းပင်သည် အပွင့်ပွင့်ခါနီး တစ်လခန့်အလိုတွင် တစ်ပင်လုံးအရွက်တစ်ရွက်မျှမကျန်အောင်ကြွေလေ့ရှိပြီး ထိုသို့ကြွေပြီးမှ အကိုင်းကနေစပြီး အဖူးအပွင့်များဖူးပွင့်ခြင်းဖြစ်သည်။ အများအားဖြင့် မက်မန်းပင်များသည် ဖေဖော်ဝါရီလနှင့် မတ်လခန့်တွင် ပင်လုံးကျွတ်ကြွေကျပြီး ထိုအပွင့်များမကြွေမီတွင် မက်မန်းသီးကင်းများ ကိုင်းတစ်လျှောက်ထွက်လာပြီး မက်မန်းသီးများကို ဇူလိုင်လခန့်တွင် ခူးဆွတ်လေ့ရှိသည်။

**မက်မန်းသီးတွင်ပါဝင်သော အာဟာရဓာတ်များ**

မက်မန်းသီးသည် ကယ်လိုရီနည်းပါးပြီး အဆီပါဝင်မှုမရှိသည့်အတွက် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့်အပြင် ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသည့်ပစ္စည်းများနှင့် ဗီတာမင် စီ၊ ဗီတာမင် အီး၊ ဗီတာမင် ကေ၊ ဖောလိတ်၊ သံဓာတ်၊ ကိုလင်း၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်၊ မဂ္ဂနိစ်၊ ဇင့်နှင့် သတ္တုဓာတ်များပါဝင်သဖြင့် တစ်နေ့တာလိုအပ်သည့် အာဟာရဓာတ်များကိုရရှိစေသည်။ ထို့ပြင် မက်မန်းသီးတွင်ပါသည့် ပိုတက်ဆီယမ်ဓာတ်သည်လည်း သွေးကြောများကိုကျယ်စေနိုင်သည့် အာနိသင်ရှိသောကြောင့် နှလုံးကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေသည်။ ဗီတာမင်စီနှင့် Phytonutrients များ ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားကိုကောင်းစေပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကို လျော့နည်းစေသည်။ ဗီတာမင်နှင့် သတ္တုဓာတ်ကြွယ်ဝသည့် မက်မန်းသီးမှရနိုင်သည့် ကျန်းမာရေးကောင်းကျိုးများကို ဆက်လက်ဖော်ပြပါမည်။

**အဆီကျစေပြီး နှလုံးကျန်းမာရေးကို အထောက်အကူပေးခြင်း**

မက်မန်းသီးတွင်ပါဝင်သည့် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ ကာဗိုဟိုက်ဒရိတ်ဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ကယ်လ်စီယမ်ဓာတ်၊ သံဓာတ်၊ ပိုတက်ဆီယမ်ဓာတ်များကြောင့် မက်မန်းသီးပုံမှန်စားခြင်းဖြင့် ခန္ဓာကိုယ်တွင်းမှအဆီဓာတ်များကို ထိန်းညှိပေးနိုင်ပြီး မကောင်းသည့်ကိုလက်စရောအဆီဓာတ်ကို ကျဆင်းစေနိုင်ကာ နှလုံးကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေသည်။ မက်မန်းသီးတွင် အဆီဆဲလ်များအပါအဝင် အဝလွန်ခြင်းနှင့် ရောင်ရမ်းမှုကို တားဆီးပေးသည့် အာနိသင် Bioactive Compounds များ၊ ဖလာဗိုနွိုက်များပါဝင်သောကြောင့် ကိုလက်စထရောများခြင်း၊ ဆီးချို၊ သွေးချိုနှင့် နှလုံးသွေးကြောကျဉ်းရောဂါကဲ့သို့ အဝလွန်ခြင်းနှင့် ဆက်နွှယ်နေသည့် ပြဿနာများမဖြစ်စေရန် ကာကွယ်တားဆီးပေးနိုင်သည်။

**ဆီးချို၊ သွေးချို ထိန်းပေးခြင်း**

မက်မန်းသီးသည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည့်အာနိသင်ကြောင့် ဆီးချိုရောဂါအတွက် အထူးသင့်လျော်ပြီး အထောက်အကူပြုနိုင်သည်။ မက်မန်းသီးတွင်ပါဝင်သည့် ဖလာဗိုနွိုက်များကြောင့် ဆီးချိုဝေဒနာရှင်များတွင် အဖြစ်များသည့် အင်ဆူလင်မတုံ့ပြန်နိုင်ခြင်းပြဿနာကို ကာကွယ်ပေးသည်။

**အရိုးပွရောဂါကာကွယ်ပေးခြင်း**

မက်မန်းသီးခြောက်ကို စားသုံးခြင်းဖြင့် အရိုးကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည်။ မက်မန်းသီးခြောက်တွင်ပါဝင်သည့် Caffeic Acid နှင့် Rutin တို့ကဲ့သို့ ဖလာဗိုနွိုက်များကြောင့် အရိုးတစ်ရှူးများ ယိုယွင်းပျက်စီးခြင်းကိုတားဆီးပေးပြီး အရိုးပွရောဂါကိုကာကွယ်ပေးသည်။ ထို့ပြင် မက်မန်းသီးခြောက်တွင်ပါဝင်သည့် ပိုတက်စီယမ်နှင့် Polyphenols သည် အရိုးထုထည်ကို အားဖြည့်ပေးသည်။ မဂ္ဂနီစီယမ်ဓာတ်၊ ဖော့စဖရတ်ဓာတ်၊ ကော့ပါးဓာတ်၊ သံဓာတ်၊ ကယ်လ်စီယံဓာတ်များ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အရိုးများကို သန်မာကြံ့ခိုင်စေပြီး သွေးအားကောင်းစေသည်။

**အစာခြေစနစ်ကို ကောင်းစေခြင်း**

မက်မန်းသီးသည် အမျှင်ဓာတ်ကြွယ်ဝသည့်အပြင် မက်မန်းသီးတွင်ပါဝင်သည့် Sorbitol နှင့် Isatin ဓာတ်များကြောင့် အစာခြေစနစ်ကို ကောင်းစွာအထောက်အကူပေးပြီး အစာမကြေခြင်းနှင့်ဝမ်းချုပ်ခြင်းကဲ့သို့ အစာခြေစနစ်ပြဿနာများကို ကုစားရာတွင် ထိရောက်မှုရှိသည်။

**❖မက်မန်းသီးသည် ကယ်လိုရီနည်းပါးပြီး အဆီပါဝင်မှုမရှိသည့်အတွက် ကျန်းမာရေးကိုအထောက်အကူဖြစ်စေသည့်အပြင် ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသည့် ပစ္စည်းများနှင့် ဗီတာမင် စီ၊ ဗီတာမင် အီး၊ ဗီတာမင် ကေ၊ ဖောလိတ်၊ သံဓာတ်၊ ကိုလင်း၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်၊ မဂ္ဂနိစ်၊ ဇင့်နှင့် သတ္တုဓာတ်များပါဝင်သဖြင့် တစ်နေ့တာလိုအပ်သည့် အာဟာရဓာတ်များကိုရရှိစေသည်။ ထို့ပြင် မက်မန်းသီးတွင်ပါသည့် ပိုတက်ဆီယမ်ဓာတ်သည်လည်း သွေးကြောများကိုကျယ်စေနိုင်သည့် အာနိသင်ရှိသောကြောင့် နှလုံးကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ ❖**

**ဦးနှောက်ဉာဏ်ရည်တိုးတက်စေခြင်း**

မက်မန်းသီးဖျော်ရည်သောက်လျှင် အသက်အရွယ်ကြောင့်ဖြစ်ပွားသည့် မှတ်ဉာဏ်ယိုယွင်းမှုများကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနများမှတွေ့ရှိခဲ့သည်။ အကျိုးပြု Phytonutrients များကြောင့် လေ့လာသင်ယူနိုင်စွမ်းနှင့် မှတ်ဉာဏ်ကို တိုးတက်စေသည်။ မက်မန်းသီးကို ပုံမှန်စားပေးခြင်းဖြင့် အယ်ဇိုင်းမားနှင့် ပါကင်ဆန်ရောဂါကဲ့သို့ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါများကို ကာကွယ်နိုင်သည်။

**မက်မန်းသီး၏ အခြားအကျိုးကျေးဇူးများ**

အခြားအကျိုးကျေးဇူးများအနေဖြင့် အာရုံကြောစနစ်အတွက်ကောင်းခြင်း၊ နှလုံးကျန်းမာစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်း၊ ကိုလက်စထရောကျစေခြင်း၊ သွေးအားကောင်းစေခြင်း၊ စိတ်ဖိစီးမှုကိုလျော့ပါးသက်သာစေခြင်း၊ နှလုံးကျန်းမာစေခြင်း၊ သွေးဖိအားကို ထိန်းပေးနိုင်ခြင်း၊ အဆုတ်နှင့်ခံတွင်းကင်ဆာဖြစ်ပွားမှုကိုလျော့ကျစေနိုင်ခြင်း၊ တုပ်ကွေးကို ကုသနိုင်ခြင်း၊ ကင်ဆာကာကွယ်နိုင်ခြင်း၊ သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်ခြင်း၊ အသားအရေလှပစေခြင်း၊ အမြင်အာရုံကောင်းမွန်စေခြင်း၊ မျက်စိမှုန်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။ ထို့ပြင် မက်မန်းသီးသည် ရာသီသွေးမမှန်ခြင်းကိုကုသရာတွင် ထိရောက်သည့်အာနိသင်ရှိသည်ဟု ဆိုကြသကဲ့သို့ အူလမ်းကြောင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားသန့်စင်နိုင်ကြောင်း သိရသည်။

မက်မန်းသီးကို သူ့အတိုင်းစားကြသကဲ့သို့ ဆားသို့မဟုတ် လျက်စားတို့နှင့်လည်း တို့စားကြသည်။ အချို့က သုပ်စားခြင်း၊ မက်မန်းချိုပေါင်းလုပ်စားခြင်း၊ မက်မန်းတော်ဖီအနေဖြင့်လုပ်စားခြင်း၊ မက်မန်းယိုအနေဖြင့်စားခြင်းများလည်းရှိသည်။ ထို့ပြင် မက်မန်းဝိုင်လုပ်ပြီးသောက်ခြင်းများလည်းရှိသည်။

**ဆေးဖက်ဝင် မက်မန်းဝိုင်**

မက်မန်းဝိုင်သည် သုံးစွဲတတ်လျှင် ဆေးကောင်းတစ်လက်ဖြစ်နိုင်သည်။ မက်မန်းသီးက ဗီတာမင်စီဓာတ်ကို များစွာပံ့ပိုးပေးသကဲ့သို့ အစာခြေဖျက်မှုကိုလည်း ကောင်းမွန်စေသည်။ ဝိုင်ကြိုက်နှစ်သက်သူများအတွက် အလွန်ကောင်းသည့် နွေရာသီစတိုင် မက်မန်းဝိုင်ပြုလုပ်ကြည့်နိုင်သည်။

မက်မန်းသီးကို မက်မန်းယို၊ တော်ဖီ၊ မက်မန်းချို၊ မက်မန်းချဉ်၊ မက်မန်းဝိုင်ပြုလုပ်ပြီး ပြည်တွင်းဈေးကွက်တွင် ရောင်းချသည့်အပြင် ပြည်ပပို့ကုန်အဖြစ်လည်း တင်ပို့နိုင်သောကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအနေဖြင့်လည်း ယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်တင်ပို့သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်း ၂၉၈၀၃ ဧကထိ ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၂၂ ဒသမ ၃၆ တင်း ထွက်ရှိ



**မြောင်းမြ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၉၈၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရ သည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၀၅၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဖေဖော်ဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၉၈၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးဖြစ်သော ပဲတီစိမ်း တစ်ဧကလျှင် ၂၂ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီက အိမ်မဲမြို့နယ်မှာ ပဲတီစိမ်းဧက ၃၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ ပဲတီစိမ်း ဧက ၂၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ပဲတီစိမ်းတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ ဆောင်းသီးနှံပဲတီစိမ်းတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မစိုက်မီအချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ပဲတီစိမ်းသီးနှံများ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးနှင့် အချိန်မီရိတ်သိမ်းနိုင်ရေး စသည့် နည်းပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဧပြီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများပေါများလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြောင်းကောက်ကျေးရွာအုပ်စု မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ခုနှစ်တွင်ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ် စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

## ဖြူစင်သော နှလုံးသား

– ဖြူစင်ပါ နှလုံးသား
အမုန်းတရား ကင်းကွာစေ၊
ရိုးသားစွာ ရှင်သန်ရေး
တွေးရှုမိတ်ဆွေ၊
ကောက်ကျစ်စိတ် ကင်းရှင်းလေ
ဘဝအခြေ တန်ဖိုးမြှင့်၊
နေထိုင်ရာ ဝန်းကျင်အတွင်း
ကောင်းခြင်းတွေဆင့်။

– အလွယ်ကြံ အလွယ်ပြော
စိတ်မနော မရှိရန်၊
ကိုယ့်ကိုယ်ကိုယ် ဆုံးမပေး
ယဉ်ကျေးမွမ်းမံ၊
ပညာဖြင့် ဆင်ခြင်အမှန်
အသိဉာဏ် ရှိစေသား၊
အကျိုးဆောင် အများတွက်
ရှေ့ဆက်မနား။

– ရိုးသားသူ နေရာရ
ဘဝလှ ဖြောင့်တန်းလာ၊
သမိုင်းကျန် ဂုဏ်ပုဒ်ကောင်း
ထိန်းကျောင်းလျက်သာ၊
အဓိပ္ပာယ်ရှိ ဘဝဟာ
ပျော်စရာ အမှန်ဖြစ်၊
ရိုးဂုဏ်ကို လက်စွဲသုံးလို့
ခြယ်မှုန်းထုဆစ်။ ။

ဖြိုးထက်(ရေစကြို)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## သမ္မတ ရှီကျင့်ဖျင် အရှေ့တောင်အာရှ နိုင်ငံသုံးနိုင်ငံသို့ သွားရောက်မည်

**ပေကျင်း မေ ၁၁**

တရုတ်သမ္မတရှီကျင့်ဖျင်သည် ယခုနှစ်အတွင်း ၎င်း၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လာမည့်ရက်သတ္တပတ်အတွင်း အရှေ့တောင်အာရှနိုင်ငံသုံးနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

သမ္မတရှီကျင့်ဖျင်အနေဖြင့် ဗီယက်နမ်နိုင်ငံသို့ မေ ၁၄ ရက်နှင့် ၁၅ ရက်ထိသွားရောက်မည်ဖြစ်ပြီး မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ မေ ၁၅ ရက်မှ ၁၈ ရက်ထိ သွားရောက်မည် ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။


အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးတင်းမာမှုမြင့်တက်နေချိန်တွင် တရုတ်နိုင်ငံ၏ အဓိက အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာလာစေရေး ရည်ရွယ်ချက်ဖြင့် အဆိုပါ အရှေ့တောင်အာရှနိုင်ငံသုံးနိုင်ငံသို့ သွားရောက်ရန် သမ္မတရှီကျင့်ဖျင်က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့်ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့သည် အမေရိကန်နိုင်ငံသို့တင်ပို့မည့် တရုတ်ထုတ်ကုန်များအပေါ် ၁၄၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံကလည်း လက်တုံ့ပြန်၍ အမေရိကန်ထုတ်ကုန်များကို အခွန်စည်းကြပ်မှုများ ပြုလုပ်ထားရာ ကမ္ဘာ့စီးပွားရေးအင်အားကြီးမားသည့် တရုတ်နှင့်အမေရိကန်နိုင်ငံတို့ကြား ကုန်သွယ်ရေးတင်းမာမှုများ ပေါ်ပေါက်ခဲ့ရသည်။

တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ကတိပြုထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## နယူးယောက်၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ခြောက်ဦးသေဆုံး

**နယူးယောက် မေ ၁၁**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ မေ ၁၀ ရက်က ကမ္ဘာလှည့်ခရီးသည်တင်ရဟတ်ယာဉ်တစ်စင်း ဟက်ဒီဆန်မြစ်အတွင်း ပျက်ကျခဲ့ရာ လိုက်ပါသွားသူ ခြောက်ဦးမှာ သေဆုံးခဲ့ရသည်။

ဟက်ဒီဆန်မြစ်အတွင်း ပျက်ကျခဲ့သော ရဟတ်ယာဉ်ပေါ်တွင် စပိန်နိုင်ငံသား ခရီးသည် ငါးဦးနှင့် အမေရိကန် ရဟတ်ယာဉ်မှူးတစ်ဦးတို့ လိုက်ပါခဲ့ကြောင်း သိရသည်။

နယူးယောက် ရဟတ်ယာဉ် ခရီးသွားလုပ်ငန်းက ပိုင်ဆိုင်သော ဘဲလ် ၂၀၆ အမျိုးအစား အဆိုပါ ရဟတ်ယာဉ်သည် နယူးယောက်မြို့လယ်မှ ပျံတက်ခဲ့ပြီး ဟက်ဒီဆန်မြစ်ကိုဖြတ်၍ မြောက်ဘက်သို့ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရဟတ်ယာဉ် ပျက်ကျခဲ့ပြီးနောက် ရေငုပ်သမားများက လိုက်ပါလာသူများကို ကယ်ထုတ်ရန်ကြိုးစားခဲ့သော်လည်း အချင်းဖြစ်ပွားရာတွင် လေးဦးမှာသေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်ပျက်ကျမှု နောက်ခံအကြောင်းရင်းကို ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

နယူးယောက်မြို့ မင့်ဟက်တန်ရပ်ကွက် ကောင်းကင်ယံသည် ရှုခင်းကြည့်ခရီးသည်များအတွက် ပျံသန်းပေးနေသောရဟတ်ယာဉ်များဖြင့် ပြည့်နှက်နေသည့် ကောင်းကင်ယံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တောင်ကိုရီးယားနှင့် ဆီးရီးယားနိုင်ငံတို့က နှစ်နိုင်ငံသံတမန် ဆက်ဆံရေးထားရှိမှု သဘောတူညီချက် လက်မှတ်ရေးထိုး



**ဆိုးလ် မေ ၁၁**

နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထားရှိမှု သဘောတူညီချက်ကို တောင်ကိုရီးယားနှင့်ဆီးရီးယားနိုင်ငံတို့မှ တာဝန်ရှိသူများက ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ လက်မှတ်ရေးထိုး ခဲ့ကြကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အစဉ်အလာ မဟာမိတ်နိုင်ငံဖြစ်သည့်တိုင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထားရှိရန် တောင်ကိုရီးယားအစိုးရက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထားရှိနိုင်မှုကြောင့် တောင်ကိုရီးယားနှင့် သံတမန်အဆက်အဆံရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အရေအတွက်မှာ ၁၉၁ နိုင်ငံထိ ရှိလာပြီဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံနှင့် ရင်းနှီးသည့် ဆက်ဆံရေးတည်ဆောက်ထားသော ဆီးရီးယားနိုင်ငံသည် ရှေးယခင်က တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးမှာ အလှမ်းဝေးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်ကလည်း မြောက်ကိုရီးယား၏ အဓိကမဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သော ကျူးဘားနိုင်ငံနှင့် တရားဝင်သံတမန်ဆက်ဆံရေးထားရှိခဲ့သည်။

သံတမန်ဆက်ဆံရေး ထားရှိမှု သဘောတူညီချက်ကို တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုတေယူလ်နှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှီဘာနီတို့က မေ ၁၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တောင်ကိုရီးယား၌ ဆောက်လုပ်ဆဲရထားလမ်းဥမင်ပြိုကျမှုကြောင့် အလုပ်သမားနှစ်ဦး ပိတ်မိ

**ဆိုးလ် မေ ၁၁**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အနီး တည်ဆောက်ဆဲရထားလမ်းဥမင်တစ်ခု ယနေ့ ပြိုကျခဲ့ရာ အလုပ်သမားနှစ်ဦးမှာ ပိတ်မိနေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။



လက်ရှိအချိန်တွင် ရထားလမ်းဥမင်ပြိုကျမှုအတွင်း ပိတ်မိနေဖွယ်ရှိသူများကို ကယ်ထုတ်ရေးအတွက် ကယ်ဆယ်ရေးသမား ၅၅ ဦးနှင့် ကယ်ဆယ်ရေးယာဉ် ၁၈ စီးကို တာဝန်ရှိသူများက စေလွှတ်ထားကြောင်း သိရသည်။

တည်ဆောက်ဆဲ ရထားလမ်းဥမင်ပြိုကျမှုသည် ဆိုးလ်မြို့၏ မြောက်ဘက်ရှိ ဂွမ်မြောင်းမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားလမ်းဥမင်ဆောက်လုပ်ရေးလုပ်ငန်းခွင် လေဝင်လေထွက်ပေါက်တစ်ခု ပြိုကျနိုင်ဖွယ်ရှိခြင်းကြောင့် ယနေ့နံနက်ပိုင်းတွင် လုပ်ငန်းခွင်အတွင်းရှိအလုပ်သမားများကို တာဝန်ရှိသူများက ပြန်လည်ခေါ်ထုတ်ထားပြီးဖြစ်သည်။

သို့ရာတွင် ဥမင်ပြိုကျချိန်၌ အလုပ်သမားနှစ်ဦး ပိတ်မိနေခဲ့ပြီး ၎င်းအလုပ်သမား နှစ်ဦးအနက် တစ်ဦးရှိသည့်နေရာကို သိရှိထားပြီဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ပြိုကျခဲ့သည့်တည်ဆောက်ဆဲ ရထားလမ်းဥမင်သည် ဂွမ်မြောင်းမြို့လယ်နှင့် ဆင်ခြေဖုံးဒေသများကို ချိတ်ဆက်ပေးမည့် ရထားလမ်းပေါ်တွင် တည်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အီဂျစ်နိုင်ငံက ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် လောင်စာဆီဈေးနှုန်း မြှင့်တင်



**ကိုင်ရို မေ ၁၁**

အီဂျစ်နိုင်ငံသည် ယနေ့မှစ၍ လောင်စာဆီဈေးနှုန်းများကို ၁၅ ရာခိုင်နှုန်းနီးပါး စတင်မြှင့်တင်ခဲ့ကြောင်း အီဂျစ်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

အီဂျစ်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးအကြိမ်အဖြစ် လောင်စာဆီဈေးနှုန်းကို မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)ထံမှ ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံရယူရေးအတွက် အိုင်အမ်အက်ဖ်၏ တောင်းဆိုချက်အရ လောင်စာဆီဝယ်ယူရာ၌ အစိုးရ၏ စိုက်ထုတ်သုံးစွဲမှုကို လျှော့ချရန် အီဂျစ်အစိုးရက ကြိုးစားနေရသည်။

အဆိုပါဘဏ္ဍာရေးအကူအညီ ဒေါ်လာ ရှစ်ဘီလီယံအနက် ၁ ဒသမ ၂ ဘီလီယံကို အီဂျစ်နိုင်ငံသို့ လွှဲပေးရန် အိုင်အမ်အက်ဖ်က သဘောတူခဲ့ပြီး တစ်လအကြာတွင် အီဂျစ်အစိုးရက လောင်စာဆီဈေးနှုန်းများကို မြှင့်တင်ခဲ့ခြင်းဖြစ်သည်။


လောင်စာဆီဈေးနှုန်းများ မြှင့်တင်ခဲ့ပြီးနောက် အီဂျစ်နိုင်ငံ၏ အသုံးအများဆုံးလောင်စာဆီဖြစ်သည့် ဒီဇယ်ဆီဈေးနှုန်းမှာ ယနေ့မှစ၍ တစ်လီတာလျှင် မူလက အီဂျစ်ပေါင်ငွေ ၁၃ ဒသမ ၅၀ မှ ၁၅ ဒသမ ၅၀ ပေါင်ထိ မြှင့်တက်လာမည်ဖြစ်သည်။

အီဂျစ်နိုင်ငံသည် ၂၀၂၄ ခုနှစ်မှစ၍ လောင်စာဆီဈေးနှုန်းမြှင့်တင်မှု သုံးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း လက်ရှိအချိန်ထိ လောင်စာဆီဝယ်ယူရာတွင် အီဂျစ်ပေါင်ငွေ ၁၀ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၇၁ သန်း) လစဉ် သုံးစွဲနေရဆဲဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လကမ္ဘာ၏အမှောင်ရိပ်ကျနယ်မြေများ၌ ထူးဆန်းသည့်သက်ရှိပုံစံများ ရှင်သန်နေကြဖွယ်ရှိ




**လန်ဒန် မေ ၁၁**

လကမ္ဘာ၏ အမှောင်ရိပ်ကျနယ်မြေများ၌ ထူးဆန်းသည့် သက်ရှိပုံစံများ ရှင်သန်နေဖွယ်ရှိကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ မေ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ အမြဲတမ်းအရိပ်ကျနယ်မြေများသည် လကမ္ဘာဝင်ရိုးစွန်းများအနီးရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေများ၊ တွင်းချိုင့်ကြီးများထဲတွင် တည်ရှိသည်။

အာကာသ ဟင်းလင်းပြင်အတွင်း အဏုဇီဝသက်ရှိများသည် အပူဓာတ်နှင့် ခရမ်းလွန်ဖြာထွက်ရောင်ခြည်များကြောင့် ပျက်စီးသွားတတ်ကြောင်း ဗြိတိန်နိုင်ငံ ယော့ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အမြဲတမ်းအေးမြမှောင်မိုက်နေသော လကမ္ဘာ၏ အမြဲတမ်း မှောင်ရိပ်ကျနယ်မြေများ၌ ဗက်တီးရီးယားများ ခိုလှုံရှင်သန်နေနိုင်သည်ဟု ဗြိတိန်သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

အထူးသဖြင့် အာကာသယာဉ်များပေါ်တွင်ရှိတတ်သည့် Bacillus Subtilis ခေါ် ဗက်တီးရီးယားများမှာ လကမ္ဘာ၏အမြဲတမ်းမှောင်ရိပ်ကျနယ်မြေများ၌ ရှင်သန်နိုင်ဖွယ်ရှိသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Bacillus Subtilis ကဲ့သို့ မြေကမ္ဘာပေါ်က ဗက်တီးရီးယားများသည် လဆင်းယာဉ်များ၊ အာကာသယာဉ်မှူးများနှင့်အတူ ပါလာပြီး လပေါ်ရှိ အမြဲတမ်းအရိပ်ကျနေရာများသို့ ရောက်သွားနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီက နိုင်ငံတကာအာကာသစခန်းအတွက် ကုန်စည်များ သယ်ဆောင်ထားသော ဒရာဂွန်အာကာသကုန်တင်ယာဉ်ကိုလွှတ်တင်ရန် စီစဉ်

**ဝါရှင်တန် မေ ၁၁**

နိုင်ငံတကာ အာကာသစခန်းအတွက် ကုန်စည်များသယ်ဆောင်ထားသော ဒရာဂွန်အာကာသ ကုန်တင်ယာဉ်ကို မေ ၂၁ ရက်တွင်လွှတ်တင်ရန် အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

မေ ၂၁ ရက် မစ်ရှင်တွင် ဒရာဂွန်အာကာသကုန်တင်ယာဉ်အနေဖြင့် ကုန်ပစ္စည်းပမာဏ မည်မျှ သယ်ဆောင်သွားမည်ကို Space-X ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။



Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်များသည် ယခင်က နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင်များ၌ ယေဘုယျအားဖြင့် ကုန်စည်အလေးချိန် နှစ်တန်ထိ သယ်ဆောင်လေ့ရှိကြောင်း သိရသည်။

Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်များသည် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော အာကာသကုန်တင်ယာဉ် အမျိုးအစားဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်း ထောက်ပို့တာဝန်များကို နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ် အာကာသလူသယ်ယာဉ်နှင့် ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ် အာကာသကုန်တင်ယာဉ်တို့ကလည်း ရယူပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နေအဖွဲ့အစည်းအတွင်းသို့ တိုးဝင်နေသော မြစိမ်းရောင်ကြယ်တံခွန်သစ်တစ်စင်းကို အပျော်တမ်းနက္ခတ္တဗေဒလေ့လာသူတစ်ဦးက ရှာဖွေတွေ့ရှိခဲ့

**ရောမ မေ ၁၁**

နေအဖွဲ့အစည်း အတွင်းပိုင်းသို့တိုးဝင်နေသော မြစိမ်းရောင်ကြယ်တံခွန်သစ်တစ်စင်းကို အပျော်တမ်းနက္ခတ္တဗေဒလေ့လာသူတစ်ဦးက ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

SWAN-25F ကြယ်တံခွန်ဟူ၍ အမည်ပေးထားသော အဆိုပါ ကြယ်တံခွန်သည် တစ်လအတွင်း နေကိုဖြတ်ကျော် ပျံသန်းမည်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

နေကိုဖြတ်ကျော်ပျံသန်းချိန်တွင် SWAN-25 F ကြယ်တံခွန်ကို ကမ္ဘာမြေပေါ်မှတစ်ဆင့် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း အီတလီသိပ္ပံပညာရှင်များက ပြောကြားသည်။

နေကိုအနီးကပ်ဖြတ်သန်းချိန်တွင် SWAN-25 F ကြယ်တံခွန်၏ အလင်းအားမှာ မဂ္ဂနီကျူ +၅ ထိ မြင့်တက်လာမည်ဖြစ်ရာ သာမန်မျက်စိဖြင့် ၎င်းကြယ်တံခွန်ကို တွေ့မြင်ရမည်ဖြစ်သည်။

SWAN-25 F ကြယ်တံခွန်ကို ဩစတြေးလျအပျော်တမ်း နက္ခတ္တရူပဗေဒလေ့လာသူ မိုက်ကယ် မက်တီယာဂိုက မေ ၁ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SWAN-25 F ကြယ်တံခွန်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂြိုဟ်ငယ်များလေ့လာရေးဗဟိုဌာနက တရားဝင်အသိအမှတ်မပြုရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## စမ်းသပ်ဆဲဆေးတစ်မျိုးက MS လူနာများ မသန်စွမ်းဖြစ်မှုတားဆီးရေး ထောက်ကူပေးနိုင်

**နယူးယောက် မေ ၁၁**

စမ်းသပ်ဆဲ ဆေးတစ်မျိုးသည် ဗဟိုအာရုံနှာဗ်ဆဲလ်စနစ် ပျက်စီးမှုရောဂါ (MS) လူနာများ မသန်စွမ်းဖြစ်လာမှုကို တားဆီးရေးအတွက် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ မေ ၁၀ ရက် သတင်းများအရ သိရသည်။

Tolebrutinib အမည်ရှိ အဆိုပါဆေးသည် MS ရောဂါပုံစံတစ်မျိုးခံစားနေရသည့်လူနာများ၌ မသန်စွမ်းဖြစ်မှုအခြေအနေ ပိုဆိုးလာမှုကို ၃၁ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အထက်ပါဆေးသစ်ကို Non-Relasping SPMS ခေါ် MS ရောဂါပုံစံတစ်မျိုးခံစားနေရသည့် လူနာ ၁၁၀၀ ကျော်တို့ဖြင့် လက်တွေ့ စမ်းသပ်နေခြင်းဖြစ်ကြောင်း၊ လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Tolebrutinib ဆေးသည် Non-Relasping SPMS လူနာများ မသန်စွမ်းဖြစ်လာမှုကို ၃၁ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်းသုတေသန ပညာရှင်များက ပြောကြားသည်။

Tolebrutinib ဆေးသည် လင်ဖိုးမားကင်ဆာနှင့် သွေးရောဂါများကို ကုသရေးအတွက် Sanofi ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်ထားသည့်ဆေးဖြစ်သည်။

Tolebrutinib ဆေးကို အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က လေ့လာဆန်းစစ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကိုယ်ဝန်ဆောင်ချိန် ဆီးချိုနှင့်မွေးလာသော ကလေးကြား အော်တစ်ဇင်ဖြစ်နိုင်ခြေ ဆက်စပ်မှုရှိ

**ပေကျင်း မေ ၁၁**

ကိုယ်ဝန်ဆောင်ကာလ ဆီးချိုရောဂါခံစားရမှုနှင့် မွေးဖွားလာသည့် ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားမှုတို့ကြား ဆက်စပ်မှုရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၁၀ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်ကာလ ဆီးချိုရောဂါခံစားခဲ့ရသူ မိခင်များမှ မွေးဖွားလာသည့် ကလေးများတွင် အော်တစ်ဇင်ရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းပိုမြင့်မားနေတတ်ကြောင်း၊ ထို့ပြင် မိခင်လောင်းဘဝ ဆီးချိုရောဂါခံစားရသူ မိခင်များမှ မွေးဖွားလာသည့် ကလေးများ၌ အာရုံစူးစိုက်မှု ပျက်ယွင်းခြင်းနှင့် စိတ်အားတက်ကြွမှုလွန်ကဲခြင်းပြဿနာ (ADHD) ပေါ်လာနိုင်ခြေမှာလည်း ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ကိုယ်ဝန်ဆောင်ကာလ မိခင်လောင်းများ ဆီးချိုဖြစ်ပွားမှုနှင့် မွေးဖွားလာသည့် ကလေးများ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားမှုတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက်လက်တွေ့လေ့လာစမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ရန်လိုသည်ဟု တရုတ်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်ကာလ အတွင်း မိခင်လောင်းများ ဆီးချိုရောဂါခံစားရမှုပြဿနာသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဖြစ်ပွားမှုနှုန်းမြင့်တက်လာသော ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ရာသီကြိုခြေစမ်းပွဲအဖြစ် အာဆင်နယ်၊ အေစီမီလန်နှင့် နယူးကာဆယ်တို့ စင်ကာပူတွင် ခြေစမ်းပွဲကစားမည်

လန်ဒန် မေ ၁၁

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အာဆင်နယ်အသင်း၊ နယူးကာဆယ်အသင်းနှင့် စီးရီးအေမှ အေစီမီလန်အသင်းတို့ပါဝင်သည့် ရာသီကြို ခြေစမ်းပွဲစဉ်များကို လာမည့် ဇူလိုင်လတွင် စင်ကာပူနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဩစတြေးလျနိုင်ငံအခြေစိုက် TEG Sport နှင့် စင်ကာပူနိုင်ငံမှ Singapore Tour-ism Board အဖွဲ့တို့က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဥရောပကလပ်အသင်းများ ပါဝင်သည့် ဘောလုံးပွဲတော်ကို ယခုနှစ်အပါအဝင် လာမည့် ၂၀၂၇၊ ၂၀၂၉ ခုနှစ်တို့တွင်လည်း တစ်လှည့်စီ ကျင်းပသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ခြေစမ်းပွဲစဉ်ကို လာမည့် ဇူလိုင် ၂၃ ရက်တွင် အာဆင်နယ်အသင်းနှင့် အေစီမီလန်အသင်း၊ ဇူလိုင် ၂၇ ရက်တွင် အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာဆင်နယ်အသင်း အနေဖြင့် ဇူလိုင် ၂၅ ရက်တွင် ကျင်းပပြုလုပ်မည့် လေ့ကျင့်ရေးအစီအစဉ်တွင်လည်း ပရိသတ်များ ဝင်ရောက်ကြည့်ရှုခွင့်ပြုမည်ဖြစ်သည်။

အာဆင်နယ် အသင်းသည် စင်ကာပူနိုင်ငံတွင် ခြေစမ်းခရီးစဉ်အဖြစ် ၂၀၁၈ နိုင်ငံတကာ ချန်ပီယံ ဖလားပြိုင်ပွဲအဖြစ် နောက်ဆုံးအကြိမ်ကစားခဲ့ပြီး ယင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း၊ အေတီကိုအသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ပြီး နယူးကာဆယ်အသင်းအနေဖြင့် ၁၉၉၆ ခုနှစ်နောက်ပိုင်း စင်ကာပူနိုင်ငံတွင် ခြေစမ်းပွဲကစားခဲ့ခြင်းမရှိကြောင်း သိရသည်။

အေစီမီလန်အသင်းအနေဖြင့် စင်ကာပူနိုင်ငံတွင် တစ်ကြိမ်မှ ခြေစမ်းပွဲ သွားရောက်ခဲ့ဖူးခြင်း မရှိသဖြင့် ယခုတစ်ကြိမ်သည် ၎င်းတို့အသင်းအတွက် ပထမဆုံး ခြေစမ်းပွဲဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ကိုင်ဟာဗက် ပြန်လည်ကစားနိုင်မည်ဟု အာဆင်နယ်အသင်းနည်းပြ အာတီတာ ပြောကြား

လန်ဒန် မေ ၁၁

အာဆင်နယ်အသင်းနည်းပြ အာတီတာက အသင်းတိုက်စစ်ကစားသမား ကိုင်ဟာဗက်အနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်သာလာသည့်အတွက် အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီ ပြန်လည်ကစားနိုင်မည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ကိုင်ဟာဗက်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၆ ရက်က ကွာရာဘောင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီး ပြင်းထန်သည့်အတွက် ယခုနှစ် ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဟု အတည်ပြုထားသော်လည်း လက်ရှိတွင် ဒဏ်ရာမှာ ခန့်မှန်းထားသည်ထက် စောလျင်စွာ ပြန်လည်ကောင်းမွန်လာသည့်အတွက် ယခုနှစ် ဘောလုံးရာသီမကုန်ဆုံးမီ ပြန်လည်ကစားနိုင်မည်ဖြစ်သည်။

နည်းပြ အာတီတာက ဟာဗက်အနေနဲ့ ထင်ထားတာထက် ဒဏ်ရာမှ မြန်မြန်ပြန်လည်သက်သာလာလို့ ရာသီမကုန်ခင် အသင်းအတွက် ပြန်လည်ကစားပေးနိုင်မှာဖြစ်လို့ကျွန်တော့်အတွက် လက်ကျန်ပွဲစဉ်တွေမှာ ပိုမိုအားဖြစ်စေပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

### အားကစားသတင်းအတိုအထွာများ

- ၂၀၃၀ ပြည့်နှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၆၄ သင်းထိ တိုးမြှင့်ကျင်းပရန် တောင်အမေရိက ဘောလုံးအဖွဲ့ချုပ် CONMEBOl က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကို တရားဝင်တင်ပြခဲ့ကြောင်း သိရသည်။
- စပါးအသင်းက အမှုဆောင်ဒါရိုက်တာအသစ်အဖြစ် ယခင် အာဆင်နယ်အသင်းတွင် ၁၄ နှစ်ကြာ အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဗန်ကာတက်ရှမ်ကို ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

## မွန်တီကာလိုတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ အယ်ကာရက်ဇ်တက်ရောက်



ပဲရစ် မေ ၁၁

ပြင်သစ်နိုင်ငံတွင် ကျင်းပနေသည့် မွန်တီကာလိုတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်နှင့် ဂျာမနီတင်းနစ်ကစားသမား အယ်မီယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၃၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် မွန်တီကာလိုတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး အယ်မီယာအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ချန်ပီယံလက်စွမ်းမျိုးပြသနိုင်ခဲ့ပြီး နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်က “အနိုင်ရခဲ့တယ်ဆိုပေမဲ့လည်း ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော့်အတွက် တကယ်ကိုခက်ခဲတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ အယ်မီယာဟာ မြေစေးကွင်း ကစားသမားတစ်ဦးဖြစ်ပါတယ်။ ကြံ့ခိုင်မှုပိုင်းကလည်း တော်တော်ကောင်းတဲ့ ကစားသမားပါ။ ပထမပွဲငယ်မှာ ကစားရတာ အကြိတ်အနယ်ရှိတယ်။ ပထမပွဲငယ်မှာ ကျွန်တော်အနေနဲ့ ပိုကောင်းအောင် ကစားနိုင်ခဲ့သင့်တယ်။ (၃-၃)ရလဒ်ထွက်ပေါ်နေတဲ့အနေအထားမှာ ကစားပုံအနည်းငယ် ပြောင်းလိုက်တဲ့အတွက်ကြောင့် ရလဒ်ပိုင်းပြောင်းလဲခဲ့ခြင်းဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ဘာစီလိုနာအသင်းက နည်းပြ ဟန်ဆီဖလစ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေး



ဘာစီလိုနာ မေ ၁၁

ဘာစီလိုနာအသင်းက အသင်းကို ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင် ပေးထားသည့် နည်းပြ ဟန်ဆီဖလစ်ကို သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

နည်းပြ ဟန်ဆီဖလစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးထား နိုင်ခဲ့ပြီး အသင်းနှင့် နည်းပြဟန်ဆီဖလစ်တို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၆ ခုနှစ်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း နောက်ထပ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြဟန်ဆီဖလစ်လက်အောက်တွင် ရလဒ်ကောင်းများရရှိထားပြီး စပိန်လာလီဂါပြိုင်ပွဲတွင် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်ထားနိုင်ခဲ့သကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့တွင်လည်း ဒေါ့မွန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ရန် နီးစပ်လျက်ရှိကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားလျက်ရှိသည်။

ထို့ပြင် ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့် တက်ရောက်ထားပြီး စပိန်စူပါဖလားကိုလည်း ဆွတ်ခူးထားနိုင်ခဲ့သည့်အတွက် နည်းပြဟန်ဆီဖလစ်လက်အောက်တွင် ဘာစီလိုနာအသင်းအနေဖြင့် ဆုဖလားလေးလုံးလမ်းကြောင်းပေါ်တွင် ရပ်တည်လျက်ရှိသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာ၊ အားကစားဒါရိုက်တာ ဒေကိုနှင့် နည်းပြ ဟန်ဆီဖလစ်၏ အေးဂျင့်ဇာဟာဗီတို့တွေ့ဆုံပြီး စာချုပ်သစ်အတွက် ဆွေးနွေးမှုလုပ်ဆောင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## အေတီကိုအသင်းက Nike ကုမ္ပဏီနှင့် ၂၀၃၃ ခုနှစ်ထိ စပွန်ဆာသက်တမ်းတိုးစာချုပ် ချုပ်ဆို



မက်ဒရစ် မေ ၁၁

အေတီကိုအသင်းသည် အင်္ကျီစပွန်ဆာစာချုပ် ချုပ်ဆိုထားသည့် Nike ကုမ္ပဏီနှင့် လာမည့် ၂၀၃၃ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း ကြာသပတေးနေ့က အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိတွင် အေတီကိုအသင်းအနေဖြင့် တစ်နှစ်လျှင် စပွန်ဆာကြေး မည်မျှရရှိမည်ကို အတိအကျ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း စပိန်မီဒီယာများ၏ ဖော်ပြချက်တွင် အေတီကိုအသင်းသည် ယခုရရှိနေသည့် စပွန်ဆာကြေးထက် နှစ်ဆပိုမိုရရှိမည်ဟု သတင်းထွက်ပေါ်လျက်ရှိသည်။

အမေရိကန် ကုမ္ပဏီတစ်ခုဖြစ်သည့် Nike အားကစားကုမ္ပဏီသည် အေတီကိုအသင်းနှင့် ၂၀၀၁ ခုနှစ်ကတည်းက စပွန်ဆာစာချုပ် စတင်ချုပ်ဆိုခဲ့ပြီး စာချုပ်ကုန်ဆုံးပါက သက်တမ်းတိုးနိုင်ခဲ့သည့်အပြင် လက်ရှိတွင်လည်း နောက်ထပ် ဆယ်စုနှစ်တစ်ခုထိ သက်တမ်းတိုးခဲ့သောကြောင့် အသင်းနှင့် ၃၄ နှစ်ကြာ လက်တွဲနိုင်ခဲ့သည်။

အေတီကိုအသင်းသည် လက်ရှိစပွန်စာစာချုပ် တန်ကြေးမှာ တစ်နှစ်လျှင် ယူရို ၁၅ သန်း ရရှိနေပြီး သက်တမ်းတိုးစာချုပ်အတွက် တစ်နှစ်ဝင်ငွေ ယူရို သန်း ၃၀ ထိ ရရှိမည်ဖြစ်သောကြောင့် အသင်းအတွက် ယူရို သန်း ၃၀၀ ထိ ဝင်ငွေရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဥရောပထိပ်သီးကလပ်များတွင် Nike ကုမ္ပဏီက စပွန်ဆာစာချုပ်ချုပ်ဆို၍ ဝင်ငွေအများဆုံး ရရှိခဲ့သည့် အသင်းများထဲတွင် ပီအက်စ်ဂျီအသင်း၊ ဘာစီလိုနာအသင်းတို့ပြီးလျှင် အေတီကိုအသင်းက တတိယမြောက်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက Barak-8 လေကြောင်းရန်ကာကွယ်ရေးစနစ် ပန်ဂျပ်ပြည်နယ် လေတပ်စခန်းတွင် တပ်ဖြန့်ချထား



အိန္ဒိယလေတပ်သည် ပါကစ္စတန်နိုင်ငံနယ်စပ်အနီး ပန်ဂျပ်ပြည်နယ်ရှိ ၎င်း၏ Bhatindaလေတပ်စခန်းတွင် MR-SAM မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဟုလည်း လူသိများသော Barak-8 လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တပ်ဖြန့်ချထားလိုက်ကြောင်း Defence Blog သတင်းဌာနက ဧပြီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Open-source သတင်းရင်းမြစ်များက သုံးသပ်ဖော်ပြထားသော ဂြိုဟ်တုဓာတ်ပုံအသစ်သည် Barak-8 လေကြောင်းရန်ကာကွယ်ရေးစနစ်၏ တိုက်ပွဲဝင်ဖြန့်ကြက်သည့်ပုံစံနှင့် တူညီသော ဒုံးကျည်ပစ်လွှတ်သည့်နေရာများ၊ ရေဒါချဉ်းကပ်လမ်းများနှင့် သီးခြားသိုလှောင်ရာနေရာများအပါအဝင် အခြေစိုက်စခန်းတွင် အသစ်တည်ဆောက်ထားသော အခြေခံအဆောက်အအုံများကို ပြသထားသည်။ ခွဲခြမ်းစိတ်ဖြာချက်များအရ စံသတ်မှတ်ထားသော ဖွဲ့စည်းပုံသည် ယာယီတပ်ဖြန့် ရောက်ရှိနေခြင်းထက် အမြဲတမ်း သို့မဟုတ် ရေရှည်တပ်စွဲထားမှုမျိုးကို ညွှန်ပြလျက်ရှိသည်။

အိန္ဒိယနိုင်ငံကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)နှင့် အစ္စရေးနိုင်ငံ Israel Aerospace Industries(IAI)တို့ ပူးပေါင်းတီထွင်ထားသည့် Barak-8 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေယာဉ်၊ မောင်းသူမဲ့လေယာဉ်(UAV)နှင့် ခရုဇ်ဒုံးကျည်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

အိန္ဒိယလေတပ်သည် တပ်ဖြန့်ချထားမှုနှင့်ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ထားခြင်းမရှိသော်လည်း ဂြိုဟ်တုဓာတ်ပုံများအရ Bhatinda လေတပ်စခန်းသည် Barak-8 လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ဆင်ထားသော ထပ်တိုးစာရင်းတွင် ပါဝင်နေပြီဖြစ်ကြောင်း အရိပ်အမြွက်ပြသလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ နယ်စပ်တစ်လျှောက်ရှိ နေရာများအပါအဝင် အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် လက်ရှိအချိန်ထိ အနည်းဆုံးတပ်ခွဲ ၁၃ ခွဲ တပ်ဖြန့်ချထားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Bhatinda လေတပ်စခန်းတွင် တပ်ဖြန့်ချထားမှုသည် ပါကစ္စတန်နိုင်ငံ၏ အရှေ့ပိုင်းတိုက်ခိုက်ရေးအင်အားစုများကို ကြားဖြတ်ပစ်ချနိုင်မှု အကွာအဝေးအတွင်း လုံခြုံမှုရှိစေမည်ဖြစ်သည်။ ၎င်းသည် တိုက်လေယာဉ်အုပ်များနှင့် အရေးပါသော အုပ်ချုပ်ထောက်ပံ့ရေး အခြေခံအဆောက်အအုံများတည်ရှိရာ ပန်ဂျပ်ပြည်နယ်ရှိ အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးလေတပ်စခန်းတစ်ခုတွင် လေကြောင်းရန်ကာကွယ်ရေးစွမ်းအားများကိုလည်း ခိုင်ခံ့အားကောင်းစေနိုင်မည်ဖြစ်သည်။

ပါကစ္စတန်နှင့်တရုတ် နှစ်နိုင်ငံစလုံးနှင့် နယ်နိမိတ်တင်းမာမှုများကြားတွင် အိန္ဒိယနိုင်ငံသည် ၎င်း၏ Barak-8 လေကြောင်းရန် ကာကွယ်ရေးစနစ် လွှမ်းခြုံဖြန့်ထားမှုကို လွန်ခဲ့သောသုံးနှစ်အတွင်းဆက်တိုက်တိုးချဲ့လုပ်ဆောင်လာခဲ့သည်။ MR-SAM မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်ဟု ပြည်တွင်းတွင် လူသိများသော အဆိုပါ Barak-8 လေကြောင်းရန် ကာကွယ်ရေးစနစ်ကို လေတပ်နှင့် ကြည်းတပ်ကွပ်ကဲမှု နှစ်ခုစလုံးအောက်တွင် ပေါင်းစပ်ထားပြီး အိန္ဒိယနိုင်ငံ၏ တိုးတက်ပြောင်းလဲနေသော ဘက်စုံ (အလွှာစုံ) လေကြောင်းရန် ကာကွယ်ရေး မဟာဗျူဟာတွင် အဓိကကျသော စနစ်တစ်ခုအဖြစ် ရှုမြင်ထားကြောင်း သိရသည်။

**India moves Barak-8 missile systems to border region** ကို ဘာသာပြန်ဆိုထားပါသည်။

## ဆွီဒင်က GM200 MM/C ရေဒါဝယ်ယူရန် ပြင်သစ် Thales ကုမ္ပဏီနှင့် သဘောတူလက်မှတ်ရေးထိုး

ဆွီဒင်နိုင်ငံသည် Ground Master 200 Multi-Mission Compact(GM200 MM/C) ရေဒါကိုဝယ်ယူရန် ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွီဒင် ခရိုနာ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၃ သန်း) တန်ဖိုးရှိသော အဆိုပါ ဝယ်ယူရေးစာချုပ်အရ ပထမအကြိမ် လွှဲပြောင်းပို့ဆောင်မှုကို လာမည့် ၂၀၂၆ ခုနှစ်တွင် စီစဉ်ထားကြောင်း သိရသည်။

Ground Master 200 Multi-Mission Compact (GM200 MM/C) တာလတ်ရှာဖွေထောက်လှမ်းရေး ရေဒါသည် ဆွီဒင်တပ်မတော်၏ ဝေဟင်နှင့်မြေပြင်စောင့်ကြည့်ရေးစွမ်းရည်ကို အားကောင်းစေမည်ဖြစ်ကာ နိုင်ငံ၏ ခေတ်မမီတော့သော PS-871 ရေဒါစနစ်နေရာတွင် အစားထိုးရန် ပြင်ဆင်ကြိုးပမ်းလာခြင်းဖြစ်သည်။ ဆွီဒင်နိုင်ငံ ကာကွယ်ရေးပစ္စည်းအုပ်ချုပ်မှုအဖွဲ့(Defence Materiel Administration) စီမံကိန်းမန်နေဂျာ Per Schyl- ström က အဆိုပါစနစ်သည် လျင်မြန်စွာ တပ်ဖြန့်အသုံးပြုနိုင်ပြီး ဦးစားပေးနေရာများတွင် ရေဒါလွှမ်းခြုံမှုကို ပိုမိုမြန်ဆန်စွာ အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ground Master 200 Multi-Mission Compact (GM200 MM/C) ရေဒါသည် လေကြောင်းထောက်လှမ်းရေးနှင့် ကာကွယ်ရေးမစ်ရှင်များအတွက် အကွာအဝေးကီလိုမီတာ ၄၀၀ (၂၄၈ မိုင်) ထိ လေကြောင်းခြိမ်းခြောက်မှုများကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းရန် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံပေးထားနိုင်ကာ တစ်ပြိုင်နက်တည်း ရန်သူ့အမြောက်၊ လက်နက်တည်နေရာ ရှာဖွေခြင်းနှင့် ပစ်ခတ်မှုထိန်းကျောင်းရေးတို့တွင်ပါ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

Ground Master 200 Multi-Mission Compact (GM200 MM/C) ရေဒါသည် ဒရုန်းများ၊ သမားရိုးကျ လေယာဉ်များနှင့် ခရုဇ်ဒုံးကျည်များအပါအဝင် ဝေဟင်ပစ်မှတ်များကို အမျိုးအစားစိစစ်ခွဲခြားနိုင်သည်။ မြေပြင်စစ်ဆင်ရေးအတွင်း ဒုံးကျည်များ၊ အမြောက်များနှင့် မော်တာများကဲ့သို့သောမြေပြင်အခြေစိုက် ပစ်ခတ်မှုများကိုလည်း ခြေရာခံဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် Ground Master 200 Multi-Mission Compact (GM200 MM/C) ရေဒါသည် စောစီးစွာ သတိပေးမှု၊ ပစ်မှတ်တည်ရှိရာ မူလနေရာနှင့် အကျိုးသက်ရောက်မှုကိုဆုံးဖြတ်ပေးကာ ပစ်မှတ်ကို တိုက်ပွဲဝင်အကဲဖြတ်ဆန်းစစ်ရာတွင် ကူညီပေးနိုင်ကြောင်း သိရသည်။



ရုရှားနိုင်ငံ၏ ယူကရိန်းအထူးစစ်ဆင်ရေးနောက်ပိုင်းတွင် ဥရောပ၌ လုံခြုံရေးစိုးရိမ်မှုများမြင့်တက်နေချိန် စကင်ဒီနေးဗီးယားနိုင်ငံဖြစ်သော ဆွီဒင်နိုင်ငံသည် ရာစုနှစ်နှစ်ခုကြာ စစ်ရေးအရ ဘက်မလိုက်မှုမူဝါဒကို အဆုံးသတ်ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် NATO မဟာမိတ်အဖွဲ့သို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ဤအပြောင်းအရွှေ့ကို အခြေခံ၍ ဆွီဒင်နိုင်ငံသည် စစ်အေးခေတ်နောက်ပိုင်း အကြီးမားဆုံးသော လက်နက်တပ်ဆင်ရေးကြိုးပမ်းမှုအဖြစ် ပြီးခဲ့သောလတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ရှိသော ကာကွယ်ရေးအသုံးစရိတ် အစီအစဉ်ကို ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါလုပ်ဆောင်မှုသည် လက်ရှိတွင် GDP ၏ ၂ ဒသမ ၄ရာခိုင်နှုန်းမှ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ စစ်ရေးအသုံးစရိတ်ကို ၃ ဒသမ ၅ ရာခိုင်နှုန်းထိတိုးမြှင့်ရန် ရည်မှန်းထားကြောင်း သိရသည်။

**Sweden Acquires Thales Ground Master 200 Multi-Mission Compact Radar** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# သဘာဝဘေးအန္တရာယ်သင့်သူများအတွက် စိတ်ဖိစီးမှုကိုဖြတ်ကျော်နည်း

## ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)

ငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းစသည့် သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ယာဉ်တိုက်မှုကဲ့သို့ ထိခိုက်ဒဏ်ရာရရှိနိုင်သည့်အရေးများနှင့် တွေ့ကြုံရပါက လူတို့သည် ကိုယ်တိုင်နာကျင်ခံစားရသည်ဖြစ်စေ၊ ကိုယ်ချစ်ရသူများကို ထိခိုက်ခံရသည်ဖြစ်စေ ကိုယ်စိတ်နှစ်ပါးစလုံး ထိခိုက်ခံစားရသည်သာဖြစ်သည်။ ထို့ပြင် ဘေးအန္တရာယ်ကို ကိုယ်တိုင်ခံစားရခြင်းမရှိသည့်တိုင် မြင်တွေ့ကြုံကြိုက်ရုံဖြင့်လည်း ထိခိုက်ခံစားရနိုင်သည်။ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြုံတွေ့ပြီးပါက စိတ်ဖိစီးမှု၏လက္ခဏာများကို လူတိုင်းလိုလို အနည်းနှင့်အများ ခံစားကြရသည်ဖြစ်၍ သင်၏ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို လေ့လာစောင့်ကြည့်နေရန် အရေးကြီးလှသည်။

**ကြုံတွေ့ရနိုင်သည့်လက္ခဏာများ**

သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရပြီးချိန်တွင် မိမိ၌ စိတ်ဖိစီးမှုလက္ခဏာများပေါ်ပေါက်နေခြင်း ရှိ၊ မရှိကို ဆန်းစစ်သင့်သည်။ လူတိုင်းအနေဖြင့် စိတ်ဖိစီးမှု၏လက္ခဏာများ ပေါ်ပေါက်နိုင်သည့် စိတ်ပိုင်းဆိုင်ရာခံစားမှု၊ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှု၊ အပြုအမူပိုင်းဆိုင်ရာ ပြောင်းလဲမှုများနှင့် အတွေးအမြင်ဆိုင်ရာပြောင်းလဲမှုများကို ဆန်းစစ်သင့်သည်။ ဘေးအန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရပြီးနောက် ဖြစ်ပွားလေ့ရှိသည့် စိတ်ဖိစီးမှုလက္ခဏာများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

**စိတ်ပိုင်းဆိုင်ရာခံစားချက်များ**

စိုးရိမ်နေခြင်း သို့မဟုတ် ကြောက်ရွံ့ထိတ်လန့်နေခြင်း၊ ဒေါသထွက်ခြင်း၊ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိသည့်အပေါ် အပြစ်ရှိသလို ခံစားရခြင်း၊ တစ်ခုခုဆောင်ရွက်ပေးနိုင်သဖြင့် သူရဲကောင်းတစ်ယောက်လို မိမိကိုယ်ကို ထင်မြင်မိခြင်း၊ အလွန်အားအင်ပြည့်ဝနေသလို သို့မဟုတ် အားလုံးဝပြတ်သွားသလို ခံစားနေရခြင်း၊ မည့်သည့်အရာ၊ မည်သူ့ကိုမျှ ဂရုမစိုက်တော့ဘဲ တစ်ဦးတည်း ဘာသိဘာသာနေတတ်သွားခြင်း၊ ပျော်ရွှင်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်းကို ခံစားနိုင်ခြင်းမရှိတော့ဘဲ ထုံထိုင်းသွားခြင်းတို့ကို ခံစားရနိုင်သည်။

**ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ**

ရုပ်ပိုင်းဆိုင်ရာတုံ့ပြန်ပြောင်းလဲမှုများအနေဖြင့် အစာအိမ်အောင့်ခြင်း၊ ဝမ်းပျက်ခြင်း၊ အခြားသောအကြောင်းရင်းမရှိဘဲ ခေါင်းကိုက်ခြင်းနှင့် ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ အစာအများကြီးစားခြင်း သို့မဟုတ် နည်းနည်းသာစားခြင်း၊ ချွေးထွက်ခြင်း သို့မဟုတ် ချမ်းတုန်ခြင်း၊ တုန်တုန်ရင်ရင်ဖြစ်ခြင်း၊ ကြွက်သားများ အလိုအလျောက်လှုပ်ရှားနေတတ်ခြင်း၊ ရုတ်တရက်လန့်ဖြတ်ကာ ခုန်ထတတ်ခြင်း သို့မဟုတ် ငေးကြောင်နေတတ်ခြင်းတို့ကို ခံစားရနိုင်သည်။

**အပြုအမူပိုင်းဆိုင်ရာပြောင်းလဲခြင်းလက္ခဏာများ**

အလွယ်တကူအိပ်မပျော်ခြင်း သို့မဟုတ် အိပ်လွန်းခြင်း၊ အိပ်သော်လည်း ကိုယ်စိတ်မလန်းဆန်းခြင်း၊ နေ့စဉ်လုပ်ဆောင်မှုများနှင့် စွမ်းဆောင်ရည်များ အတက်အကျများလွန်းခြင်း၊ ဝမ်းနည်းစိတ်မကောင်းဖြစ်ပြီး မကြာခဏငိုယိုမိခြင်း၊ စိတ်ပျော်စေရန် သို့မဟုတ် ခံစားရမှုများကိုမေ့ပျောက်ရန် ရည်ရွယ်ချက်ဖြင့် အရက်၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးများကို စတင်သုံးစွဲခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ အရာရာတိုင်းအတွက် အခြားသူများကို အပြစ်ဖို့နေခြင်း၊ အခြားသူများထံမှအကူအညီတောင်းခံရန် သို့မဟုတ် မိမိက အကူအညီပေးရန်ခက်ခဲနေခြင်း၊ တစ်ဦးတည်းသာနေလိုခြင်းစသည့် အပြုအမူဆိုင်ရာပြဿနာများကိုလည်း ကြုံတွေ့ခံစားရနိုင်သည်။

**အတွေးအမြင်ဆိုင်ရာပြောင်းလဲလာမှုများ**

မှတ်သားရခက်ခဲခြင်း၊ စိတ်ကြည်လင်စွာစဉ်းစားတွေးခေါ်နိုင်စွမ်းမရှိခြင်းနှင့် အာရုံစူးစိုက်မှုအားနည်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အလွန်အမင်းစိုးရိမ်တတ်ခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် အခက်အခဲများကြုံတွေ့လာရခြင်း၊ ဖြစ်ပျက်ကြုံတွေ့ခဲ့သည်များကို ပြန်ပြောနိုင်စွမ်းမရှိခြင်း၊ အခြားသူများပြောကြားသည်ကို နားထောင်နိုင်စွမ်းနည်းပါးခြင်းတို့ကိုလည်း ကြုံတွေ့ရနိုင်သည်။

**စိတ်ဖိစီးမှုကို ကျော်လွှားနိုင်မည့်နည်းလမ်းများ**

အောက်ပါစိတ်ဖိစီးမှုကို ကိုင်တွယ်ဖြေရှင်းမှုနည်းလမ်းများသည် လူအများစုအတွက်အလုပ်ဖြစ်သည်ကို တွေ့ရသည်။ စာဖတ်သူများအနေဖြင့် မိမိနှင့်သင့်လျော်ကိုက်ညီသောနည်းလမ်းများကို အသုံးပြုကာ စိတ်ဖိစီးမှုကိုကျော်လွှားနိုင်ပါလိမ့်မည်။

**အခြားသူများနှင့်စကားပြောခြင်း**

သင့်ကိုနားလည်ပေးပြီး ခံစားရသမျှကို လက်ခံပေးနိုင်မည့်သူများနှင့် စကားစမြည်ပြောဆိုသင့်သည်။ ယုံကြည်ရသော မိတ်ဆွေတစ်ဦး၊ မိသားစုဝင်တစ်ဦး သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တစ်ဦးထံ ဆက်သွယ်ပြီး ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်က သင့်အတွက် မည်သို့အဓိပ္ပာယ်သက်ရောက်စေကြောင်း ပြောပြပါ။ ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသူအချင်းချင်းဆက်သွယ်ပြီး အတွေ့အကြုံများကို မျှဝေခံစားခြင်းများလည်း ပြုလုပ်သင့်သည်။

> ❖သင့်ကိုနားလည်ပေးပြီး ခံစားရသမျှကို လက်ခံပေးနိုင်မည့်သူများနှင့် စကားစမြည်ပြောဆိုသင့်သည်။ ယုံကြည်ရသော မိတ်ဆွေတစ်ဦး၊ မိသားစုဝင်တစ်ဦး သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တစ်ဦးထံ ဆက်သွယ်ပြီး ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်က သင့်အတွက် မည်သို့အဓိပ္ပာယ်သက်ရောက်စေကြောင်း ပြောပြပါ။ ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသူအချင်းချင်းဆက်သွယ်ပြီး အတွေ့အကြုံများကို မျှဝေခံစားခြင်းများလည်း ပြုလုပ်သင့်သည်။ ❖

**ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ**

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းက ကိုယ်တွင်းတွင် များပြားနေသည့် စိတ်ဖိစီးမှုဟော်မုန်းများကို လျော့ကျစေသည်။ တစ်နေ့တစ်ခါ သို့မဟုတ် နေ့စဉ်အကြိမ်ရေနည်းနည်းဖြင့် ပေါ့ပေါ့ပါးပါးလေ့ကျင့်ခန်းများလုပ်ပေးသင့်သည်။ အလေးတုံးကြီးများဖြင့် ပြင်းထန်သည့်လေ့ကျင့်ခန်းများ မပြုလုပ်သင့်ပါ။ ကိုယ်ခန္ဓာအတွင်း အက်ဒရီနလင်းဟော်မုန်းများ များပြားနေချိန် လေ့ကျင့်ခန်းပြင်းထန်စွာလုပ်ပါက ကြွက်သားများကို ပျက်စီးစေနိုင်သည်။ အားကစားမလုပ်နိုင်ပါက လမ်းလျှောက်ခြင်း၊ အကြောလျှော့ခြင်း၊ တရားထိုင်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများကို လုပ်ဆောင်ပေးနိုင်သည်။

**အသက်ကိုပြင်းပြင်းရှူပါ**

အသက်ပြင်းပြင်းရှူသည့် လေ့ကျင့်ခန်းကို မကြာခဏလုပ်ဆောင်ခြင်းဖြင့် အချို့သူများတွင် အကျိုးကျေးဇူးရရှိစေသည်။ အသက်ပြင်းပြင်းဝဝရှူရှိုက်ခြင်းက စိတ်ဖိစီးမှုများကိုလျော့ကျစေပြီး စိတ်ကို တည်ငြိမ်စေသည်။ လွန်စွာ ကြောက်လန့်တုန်လှုပ်နေသည့်စိတ်ကိုပင် ငြိမ်သက်စေနိုင်သည်။

**သီချင်းနားထောင်ပါ**

ဂီတသံစဉ်သည် ကိုယ်ခန္ဓာကို သဘာဝအတိုင်း ပြေလျော့စေသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ မိမိအသက်ရှူသံ သို့မဟုတ် နှလုံးခုန်သံနှင့် ဟန်ချက်ညီသည့်ဂီတသံများကို ဖွင့်ပြီးနားထောင်ပါ။ မိမိနှင့်သင့်လျော်သည့်သီချင်းများစုစည်းပြီး Playlist တစ်ခုဖန်တီးကာ မကြာခဏနားထောင်ပေးသင့်သည်။

**ရုပ်ပိုင်းဆိုင်ရာကျန်းမာသန်စွမ်းရန် မိမိကိုယ်ကိုဂရုစိုက်ပါ**

အိပ်ရေးဝဝအိပ်ပြီး အနားရအောင် လုပ်ဆောင်ပါ။ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ပြီး ရေများများသောက်ဖြစ်ပါစေ။ ကဖင်းပါသော အစားအသောက်များ၊ ဆေးလိပ်၊ ကွမ်း၊ အရက်တို့ကို လွန်ကဲစွာမစားသောက်မိစေရန် ဂရုပြုပါ။ ၎င်းတို့သည် စိတ်ဖိစီးမှုကို သက်သာလျော့ပါးစေခြင်းမရှိသည့်အပြင် ပို၍ပင်ဆိုးရွားစေနိုင်သည်။

**ယခင်အတွေ့အကြုံများမှ သင်ခန်းစာယူပါ**

ကားတိုက်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ကို ယခင်က ကြုံတွေ့ခဲ့ရဖူးပါက မိမိအတွက် အလုပ်ဖြစ်ခဲ့ဖူးသည့် စိတ်ဖိစီးမှုလျော့ပါးစေသည့်နည်းလမ်းများကို ပြန်လည်စဉ်းစားပြီး ထိုနည်းလမ်းများကို တစ်ပတ်လျှင် သုံး၊ လေးကြိမ် ဆောင်ရွက်ပေးနိုင်သည်။

**စိတ်ဖိစီးမှုမှ အကောင်းဆုံးအရာများကို ထုတ်ယူကြမည်**

သဘာဝဘေးအန္တရာယ် သို့မဟုတ် စိတ်ထိခိုက်ခံစားစေရသည့်အဖြစ်အပျက်များသည် ဖြစ်ပျက်ပြီးနှစ်ပတ်မှ လေးပတ်အတွင်း တဖြည်းဖြည်းလျော့ပါးကာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေကြောင်း သိရှိထားသင့်သည်။ အထူးသဖြင့် စိတ်ဖိစီးမှုလျော့ပါးစေသည့်နည်းလမ်းများကို တစ်ပတ် သုံး၊ လေးကြိမ်ခန့် လုပ်ဆောင်ပေးပါက ပိုမိုထိရောက်မြန်ဆန်စေနိုင်သဖြင့် မိမိနှင့်သင့်လျော်ရာနည်းလမ်းများကို ရွေးချယ်ဆောင်ရွက်ပေးသင့်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- Tips for survivors of a disaster or other traumatic events: Managing stress. Samhsa.gov

# မင်းဘူးမြို့နယ် ထုံးမကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး မေ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ထုံးမကြီးကျေးရွာ၌ ဒသမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထုံးမကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၄ ဦးကို ငွေကျပ် ၄၂၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၂ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

ဇင်မာ



# တာမွေမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်တွင် အနုပညာရှင်များက သံဃာတော်များ၊ သီလရှင်များကို ဆွမ်းဆန်တော်လောင်းလှူ



**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်တွင် အနုပညာရှင်များ ဧပြီ ၁၀ ရက်က သံဃာတော်များ၊ သီလရှင်များကို ဆွမ်းဆန်တော်လောင်းလှူခဲ့ကြောင်း သရုပ်ဆောင် စိုးရန်အောင်က ပြောပြ၍ သိရသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် အနုပညာရှင်များဖြစ်ကြသည့် သရုပ်ဆောင် နိုင်လူ၊ စိုးရန်အောင်၊ ဘုန်းလျှံ၊ ဥက္ကာကျော်၊ စိုးသီဟ၊ ဘောဘီမောင်၊ သံစဉ်မောင်၊ တေးသံရှင် သားဂန်း၊ စိန်လင်း စသည့် အနုပညာရှင်များက သံဃာတော်နှင့် သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၇၀ တို့အား ဆွမ်းဆန်စိမ်း၊ ပဲအမျိုးမျိုး၊ ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ ဘူးသီး၊ ဂေါ်ဖီ စသည်တို့ကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

"ဒီနေ့ကတော့ အလိုတော်ပြည့် (ရန်ကုန်) ဆရာတော်ရဲ့မွေးနေ့၊ မွေးလ၊ မွေးရက်တိုက်တဲ့နေ့ပါ။ အလိုတော်ပြည့် ဆရာတော်ကြီးကို ဦးထိပ်ထားပြီးတော့ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်ထားတဲ့ အလိုတော်ပြည့်(ရန်ကုန်)ကျောင်းက သောတုဇန စာသင်သားတွေရယ်၊ သင်္ကန်းကျွန်းမြို့နယ်မှာရှိတဲ့ သောတုဇန ရဟန်းသံဃာတော်တွေ၊ သီလရှင်ဆရာကြီး၊ ဆရာလေးတွေကို ဆွမ်းဆန်တော်နဲ့ စားသောက်ကုန်တွေ လောင်းလှူခဲ့တဲ့အပြင် အနေးယာဉ်လုပ်သားတွေကိုလဲ ဆန်နဲ့စားသောက်ကုန်တွေ လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် စိုးရန်အောင်က ပြောပြသည်။

ထို့ပြင် အလိုတော်ပြည့်(ရန်ကုန်) ဆရာတော်က မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများမှ ပြည်သူများအား စေတနာရှင်၊ အလှူရှင်များ အနုပညာရှင်များနှင့်အတူ အလှူငွေများ သွားရောက်လှူဒါန်းရန် စီစဉ်နေပြီး ၎င်းအလှူအတွက် အလိုတော်ပြည့်(ရန်ကုန်) ဆရာတော်က အမေရိကန်ဒေါ်လာ ၁၀၀၀၀ မတည်လှူဒါန်းထားကြောင်း သိရသည်။

ASH

# Godzilla X Kong ဇာတ်ကား၌ မင်းသမီး အမ်လီရှာဒီဘနမ်း ပါဝင်မည်

**နယူးယောက် ဧပြီ ၁၁**

Legendary ရုပ်ရှင်ကုမ္ပဏီ၏ Godzilla X Kong နောက်ဆက်တွဲဇာတ်ကားသစ်၌ သြစတြေးလျ မင်းသမီး အယ်လီရှာဒီဘနမ်းလည်း ပါဝင်လာကြောင်း ဧပြီ ၁၀ ရက် သတင်းများအရ သိရသည်။

Godzilla X Kong နောက်ဆက်တွဲဇာတ်ကားသစ်တွင် မင်းသမီး အယ်လီရှာဒီဘနမ်းအနေဖြင့် မင်းသား ဒန်းစတီဗင်၊ ဂျက်အိုကွန်နယ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အထက်ပါဇာတ်ကား၌ မင်းသမီး အယ်လီရှာဒီဘနမ်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Godzilla X Kong နောက်ဆက်တွဲဇာတ်ကားသစ်ကို ဒါရိုက်တာ ဂရန်းစပူတိုရီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဒေးဗစ်ကယ်လာဟမ်က ရေးသားပေးထားသည်။

လက်ရှိတွင် Godzilla X Kong နောက်ဆက်တွဲဇာတ်ကားသစ်၏ တရားဝင် ဇာတ်ကားနာမည်ကို Legendary ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Godzilla X Kong ဇာတ်ကားများအနက် စတုတ္ထမြောက် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# လျှင်ဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းသွားမည့် သူတော်တစ္ဆေ ရုပ်ရှင်ဇာတ်ကား Family Show ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

ရုံတင်ပြသချိန်တွင် ရရှိသည့် ငွေကြေးများကို ငလျင်ဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းမည့် သူတော်တစ္ဆေ ရုပ်ရှင်ဇာတ်ကား Family Show ပွဲကို ရန်ကုန် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Kantaryar Shop-ping Mall ရှိ Rangoon Cineplex တွင် ဧပြီ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း Indra Film Production မှ ထုတ်လုပ်သူ သရုပ်ဆောင် မျိုးစန္ဒီကျော်က ပြောပြ၍ သိရသည်။

သူတော်တစ္ဆေ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စီစဉ်သူ အောင်ကြီးက ရေးသားထားပြီး ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရေးသားပြီး ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ ငလျင်ဒဏ်ကြောင့် လူတိုင်းဝမ်းနည်းပူဆွေးနေရတယ်။ ဒီအတွက်လဲ တကယ်ကို ထပ်တူဝမ်းနည်းရပါတယ်။ ကိုယ်တိုင်လိုက်လှူနေတော့ ဘယ်လောက်ထိ ဆိုးဆိုးရွားရွား ဆုံးရှုံးရတယ်ဆိုတာကို မြင်ခဲ့ရပါတယ်။ အဲဒါကြောင့် ရသမျှငွေကို ၁၀၀ ရာခိုင်နှုန်း အားလုံးကို လှူမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ အကုန်လှူသွားမှာပါ။ ဒီရုပ်ရှင်ကို လာကြည့်တဲ့သူတွေရဲ့ အလှူကိုတစ်ဆင့်ခံပြီး လှူပေးသလိုဖြစ်သွားမှာပါ"ဟု Indra Film Production မှ ထုတ်လုပ်သူ သရုပ်ဆောင် မျိုးစန္ဒီကျော်က ပြောပြသည်။



အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ ထွန်းထွန်း၊ ချမ်းသာကြည်စိုး၊ သုတအောင်၊ မျိုးစန္ဒီကျော်နှင့်အတူ ကျော်ရဲအောင်၏ မျိုးဆက်သစ်သရုပ်ဆောင် မှုံနှံ့သာကျော်ရဲအောင်နှင့် ဝါရင့်သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း၊ သူတော်တစ္ဆေ ရုပ်ရှင်ဇာတ်ကားကို ဧပြီလနောက်ဆုံးပတ်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Dune-3 ဇာတ်ကား၌ မင်းသား ရောဘတ်ပတ်တင်ဆန် ပါဝင်နိုင်ဖွယ်ရှိ

**နယူးယောက် ဧပြီ ၁၁**

ကမ္ဘာကျော် ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ဗ်၏ Dune-3 ဇာတ်ကားသစ်တွင် မင်းသား ရောဘတ်ပတ်တင်ဆန် ပါဝင်နိုင်ဖွယ်ရှိကြောင်း ဧပြီ ၁၀ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ဗ်၏ Dune-3 ဇာတ်ကားသစ်၌ မင်းသား ရောဘတ်ပတ်တင်ဆန်ကို ထည့်သွင်းရန် စဉ်းစားနေသည်။


လက်ရှိအချိန်တွင် Dune-3 ဇာတ်ကား၌ ပါဝင်ရေးအတွက် ဒင်းနစ်ဗီလီနေ့ဗ်နှင့် Legendary ရုပ်ရှင်ကုမ္ပဏီတို့က တရားဝင် လမ်းလှမ်းရသေးခြင်းမရှိကြောင်း ဟောလိဝုဒ်ရုပ်ရှင်လောက သတင်းအရင်းအမြစ်များက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

Dune-3 ဇာတ်ကားတွင် မူလ Dune ဇာတ်ကားများမှ မင်းသား တင်မိုသီချာမက်၊ မင်းသမီး ဖလော့ရင့်ပက်နှင့် ဇန်ဒါးယားတို့ပြန်လည် ပါဝင်မည်ဖြစ်ပြီး မင်းသား ရောဘတ်ပတ်တင်ဆန်အနေဖြင့် Dune-3 ၌ ပါဝင်လာမည်ဆိုပါက Scytale အမည်ရှိ ဗီလိန်ဇာတ်ကောင်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Dune-3 ဇာတ်ကားကို ယခုနှစ် နွေရာသီတွင် စတင်ရိုက်ကူးရန် ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ဗ်က စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၃ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဧပြီ ၁၁**

စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၃ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် Everest မိုးက ပြောပြ၍ သိရသည်။

စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရာဇဝင်ကိုက ရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုက ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကားတစ်ကားလည်းဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်မည်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် စက်တင်ဘာလတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ မကြည့်လိုက်ရသေးတဲ့၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသ ဇာတ်မြူးလေးပါ။ ဖန်သားပြင်ပေါ်မှာ ကြည့်ရှုပေးကြပါ"ဟု သရုပ်ဆောင် Everest မိုးက ပြောပြသည်။

စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်မြတ်သူကျော်၊ Everest မိုး၊ ဂျူကာ၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ မေပန်းချီ၊ တက္ကသိုလ်ဝှမ်းပုံ၊ ဖြိုးရာဇာနိုင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Bejewelled diamond orb, pennant-shaped vane and umbrella hoisted atop Shwephonepwint Pagoda with consecration ceremony in Taunggyi, Shan State (South)



Senior General Min Aung Hlaing sprinkles scented water on the bejewelled diamond orb, pennant-shaped vane and umbrella hoisted atop the Shwephonepwint Pagoda.

**Nay Pyi Taw April 11**

A ceremony to hoist bejewelled diamond orb, pennant-shaped vane and umbrella atop Shwephonepwint Pagoda took place in conjunction with the consecration ceremony in Taunggyi, Shan State (South), this morning, attended by members of the Sangha led by State Ovadacariya Presiding Patron of Pahtama Mongthauk Buddhism Learning Centre of Nyaungshwe Township Abhidhaja Maharatthaguru Abhidhaja Aggamaha Saddhammajotika Bhaddanta Sumangala Bhivamsa.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, Council Joint Secretary General Ye Win Oo and his wife, council members, Union ministers, the Chief Minister of Shan State and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Eastern Command, guests, officers, other ranks, families, religious associations and residents.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid homage to the Buddha image in Dhammayon of the pagoda and offered alms into the emerald alms-bowl, fruits and flowers and water.

The ceremony was opened with three-time recitation of Namo Tassa. The Senior General and his wife together with congregation took the Nine Precepts from the Sayadaw. Laypersons offered flowers, water, thread and sand to members of the Sangha and listened to Paritta recited by members of the Sangha.

Those laypersons took flowers, water, thread and sand dubbed by Parittas and scattered them in the precinct of the pagoda.

The Senior General, his wife and families offered the bejewelled diamond orb and alms to the Sayadaw.

The Joint Secretary and his wife, council members, the patron and chairman of the pagoda board of trustees, Union ministers and the Chief Minister of Shan State offered pennant-shaped vane, jewellery ornaments, and religious objects as well as offertories to members of the Sangha.

The Senior General and his wife, and families, and congregation listened to a sermon delivered by Chairman of Shan State Sangha Nayaka Committee of Taunggyi Presiding Patron of Theintaung Buddhism Learning Centre Aggamaha Pandita Aggamaha Ganthavacaka Pandita Bhaddanta Tejavamta and shared merits gained.

The Senior General and his wife and families together with his entourage conveyed the bejewelled diamond orb, pennant-shaped vane, and tiers of the umbrella by a palanquin round the pagoda cloclwise and led to the pavilion of the decorated float. At the auspicious time, the Senior General and his wife, and party, together with attendees and ethnic people hoisted the bejewelled diamond orb, pennant-shaped vane and the umbrella atop the pagoda. The Senior General and party fixed them atop the pagoda and sprinkled scented water on these objects. They performed the rituals of golden and silver showers in commemoration of the successful hoisting of the religious objects atop the pagoda.

A gold plate weighing six ticals was fixed at the plantain bud of the pagoda and sprinkled scented water.

After paying homage to the pagoda and Buddha images, the Senior General, his wife and entourage offered alms in the emerald alms-bowl, flowers, water and oil lights.

Members of the Sangha consecrated the pagoda and the ceremony ended with three-time recitation of Buddha Sasanam Ciram Titthatu.

After the ceremony, the Senior General, his wife and congregation offered day meals to members of the Sangha. 100



Senior General Min Aung Hlaing, his wife and family together with his entourage conveying the bejewelled diamond orb, pennant-shaped vane, and tiers of the umbrella by a palanquin round the pagoda clockwise.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to a Sayadaw.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects damages caused by Mandalay earthquake in Inlay region, gives words of encouragement to victims, attends to needs




Senior General Min Aung Hlaing inspects damages caused by the earthquake in Inlay region.

**Nay Pyi Taw April 11**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint SAC Secretary General Ye Win Oo, SAC members, union ministers, the Shan State chief minister, senior military officers from Office of Commander-in-Chief, the Eastern Command commander and other members of the entourage, inspected damages caused by Mandalay earthquake in Inlay region, gave words of encouragement to the victims there and attended to the needs this afternoon.

The Senior General and party arrived at Kaylar village in Inchan Kaylar village-tract, Shwenyaung Township, by motor schooners and inquired about the destruction of homes in the village-tract. The Senior General made arrangements for repairing the leaning houses soonest by skilled local carpenters and workers and for dismantling and clearing the houses that must be rebuilt.

In his meeting with earthquake victims, the Senior General heard a report on injuries in Nyaungshwe Township, and destruction of religious buildings including pagodas, residential buildings, timber and corrugated tin sheet requirements for rebuilding homes, presented by the Shan State chief minister and Kalaw district commissioner. In response, the Senior General said participation of Ministry of Construction and Directorate of Military Engineers of the Office of Commander-in-Chief (Army) is required for the availability of skilled carpenters and labour for completion of the repair and reconstruction undertakings before the arrival of Monsoon. Post shoes must be used in erecting buildings and soil testing is also a requisite. The State will render assistance for fulfilling timber, corrugated tin sheets and cement demand for construction activities. A stock of food for a month will be provided for every victim at present and a station hospital will be built for delivering healthcare services.

In his discussions on earthquake disasters and regional development undertakings, the Senior General said the recent earthquake is the second most powerful earthquake in Myanmar and it left a trail of losses and destruction. According to the list collected as of this morning, 3675 were killed, 5020 injured and 141 missing. Its death toll is high. The earthquake that brought death and destruction is a heartbreaking event in history. Every deceased person will be provided with *See Page 14*




Senior General Min Aung Hlaing meets earthquake victims in Inlay region.



Senior General Min Aung Hlaing hears reports on damage situation.



Senior General Min Aung Hlaing hears reports on damage situation.



Senior General Min Aung Hlaing offers gold foils to the Inlay Phaung Daw Oo Buddha images.

*From Page 13*

Ks 1 million and financial assistance will also be provided for destroyed homes depending on their type and extent of destruction.

In fact, buildings must be erected with earthquake-resistant designs to withstand up to the magnitude 8 on the Richter scale, which is the highest degree of shock in Myanmar. Because of the failure to follow the rules, some buildings collapsed, causing death and destruction. Hence, a directive was issued that a newly erected building must have an earthquake-resistant power of at least magnitude 8 on the Richter scale. Maravijaya Buddha Image and Throne in Nay Pyi Taw did not suffer any damage at all and religious buildings faced only slight damages. The Image and Throne were free from damages as from the initial stage of the project, wind resistance, earth resistance, and natural disaster resistance were systematically calculated and engineering technology was applied. Preparations should be systematically made in construction undertakings to protect the posterity from future earthquakes.

International communities have been actively cooperating in rescue operations to assist the people affected by the earthquake, for which we express our gratitude. We are not engaged in political activities but are working for the nation's welfare. In undertaking national reconstruction efforts, we must work together harmoniously, without distinction between hilly and lowland regions, to achieve our goals collectively.

The upcoming Myanmar traditional Thingyan festival will be celebrated peacefully in accordance with our traditions. To prevent price hikes in food commodities, everyone must collaborate in promoting agricultural and livestock businesses. We must work together to ensure food security for the region and the nation and to improve living standards.

Regarding education, efforts are underway to urgently repair and reopen basic education schools damaged by the earthquake in time for the school opening. We must collectively ensure that all school-aged children have access to education. To foster national spirit, discipline, and moral values in children, teachers and parents must guide them under proper supervision. We urge everyone to pave the right path for our children to become educated and to lead peaceful and prosperous lives.

Concerning reconstruction efforts, the state is doing its utmost to carry out these tasks. If local communities also cooperate, the reconstruction process will be completed as quickly as possible, as stated.

Subsequently, the Chairman of the State Administration Council Prime Minister distributed food supplies and financial assistance to the earthquake-affected people, which were received by the responsible officials.

Thereafter, the Chairman of the State Administration Council Prime Minister presented cash awards to the rescue teams involved in the relief operations.

Following this, the Senior General, along with the entourage, visited the Inlay Phaung Daw Oo Pagoda to inspect the damage caused to religious structures due to the earthquake. The responsible officials provided detailed explanations. Based on their reports, instructions were given to urgently supply stones, sand, steel rods, and cement to ensure the long-term stability of the main chamber of the Inlay Phaung Daw Oo Buddha image. The foundation pillars of the chamber must be strengthened systematically and swiftly. Areas where retaining walls collapsed due to the earthquake should be repaired as soon as possible using sheet piles. The repair works must be completed before the annual Inlay Phaung Daw Oo Pagoda festival and procession. Other necessary instructions were also provided.

Afterward, the Chairman of the State Administration Council Prime Minister and his entourage offered flowers and water to the Inlay Phaung Daw Oo Buddha image. They also offered gold robes to the pagoda and paid their homage.

Subsequently, the Senior General donated collective funds for the comprehensive renovation of the Inlay Phaung Daw Oo Pagoda, which were received by the members of the pagoda's board of trustees. He then signed the guestbook of the pagoda, paid homage, and toured the pagoda premises.



Senior General Min Aung Hlaing inspects repair work.

Following this, the Chairman of the State Administration Council Prime Minister presented cash awards to the members of the Myanmar Police Force and Fire Brigade engaged in the rescue operations.

100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win receives delegation led by director of operations, regional director for ASIA & Pacific of ICRC



Vice-Senior General Soe Win receives a delegation led by Director of Operations of the ICRC Ms. Yasmine Praz Dessimoz and Regional Director for Asia and the Pacific of ICRC Mr. Regis Savioz in Nay Pyi Taw.

**Nay Pyi Taw April 11**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win received a delegation led by Director of Operations of the ICRC Ms. Yasmine Praz Dessimoz and Regional Director for Asia and the Pacific of ICRC Mr. Regis Savioz at the parlour of the Office of the Chairman of the SAC in Nay Pyi Taw this afternoon.

During the meeting, they discussed the situation of damage and losses caused by the earthquake in Myanmar, rescue teams sent by 32 countries, relief items sent by other countries, urgent delivery of international aid to victims, energetic cooperation between Myanmar rescue teams and volunteers and international rescue teams, plans to continue to support relief operations by AHA Centre and 32 countries, provision of healthcare services in earthquake-hit areas by the Ministry of Health and the Myanmar Red Cross Society in cooperation with the ICRC, cooperation with relief operations and rehabilitation works of the ICRC in earthquake-hit areas.

Also present together with the Vice-Senior General were Union Minister for Health Dr Thet Khaing Win, deputy ministers and officials and ICRC directors were accompanied by the ICRC resident representative for Myanmar and officials.

100

# ရွှေဘိုခရိုင်တွင် ပဲကြီး ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၁၉ ဒသမ ၃၆ တင်းထွက်ရှိ



**ရွှေဘို ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲကြီး ၂၅၈၄ ဧက ရိတ်သိမ်းပြီးစီးဖြစ်ကြောင်း၊ တစ်ဧကလျှင် ၁၉ ဒသမ ၃၆ တင်း ထွက်ရှိခဲ့ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၅၈၄ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ခင်ဦးမြို့နယ်တွင် ၄၈၄ ဧကနှင့် ဝက်လက်မြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ၂၅၈၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီး ၂၅၈၄ ဧကအထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကြီးခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်၍ ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

(၂၀၆)

# ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် ဧပြီ ၁၁**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၁၀



ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးဦးခင်မောင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၅ သိန်းကို ထုတ်ချေးပေးထားကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# ဒိုက်ဦးမြို့နယ် ဗျက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒိုက်ဦး ဧပြီ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဗျက်ကလေးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ဗျက်ကလေးကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာမြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၂၅ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဗျက်ကလေးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၅ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၂၅ သန်းကို အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

**ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်း



**ညောင်တုန်း ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးကို ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် ဧပြီလ ပထမပတ်မှ ယနေ့ထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၂၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုအားများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲသီး ပိဿာချိန် ၅၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်း သက်သာပြီး သန့်ရှင်း၊ လတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေနဲ့ ဒီက ကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီး အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက် တိုင်ထောင်ပဲသီးတွေ ဝယ်ယူမှုကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အခွင့်အလမ်း ပိုမို အဆင်ပြေလာပါတယ်" ဟု ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ရာသီကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီးများ ဝယ်ယူမှုကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။





အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုများကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသအတွင်း စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**☆ ကျောဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယိုင်နဲ့သွားသည့် နေအိမ်များကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးနိုင်ရေး ဒေသမှ ကျွမ်းကျင်လက်သမားအဖွဲ့များ၊လုပ်သားများဖြင့် ဆောင်ရွက်ပေးသွားရန်နှင့်ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည့်နေအိမ်များအား ရှင်းလင်းမှုများကို ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံရာ ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကလောခရိုင်အုပ်ချုပ်ရေးမှူးတို့က ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဘေးဒဏ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဘုရား၊ စေတီပုထိုးများ၊ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများ၊ နေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် သစ်နှင့် သွပ်များ လိုအပ်ချက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နေအိမ်များ ပြန်လည်တည့်မတ်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီဆောင်ရွက်ပြီးစီးစေရေး ကျွမ်းကျင်လက်သမားအဖွဲ့များနှင့် ကျွမ်းကျင်လုပ်သားများရရှိအောင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင် အုတ်ဖိနပ်များဖြင့် ဆောက်လုပ်နိုင်ရေး မြေသားစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သစ်၊ သွပ်နှင့် ဘိလပ်မြေများလုံလောက်စွာရရှိစေရေး နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ငလျင်ဒဏ်သင့်ပြည်သူများအတွက် လတ်တလောကာလတွင် တစ်လစာအထိ စားသောက်ဖွယ်ရာများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် တိုက်နယ်ဆေးရုံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခုကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးသည် မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးများအနက် ဒုတိယအပြင်းထန်ဆုံးနှင့် ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ငလျင်ကြီးဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ ကောက်ယူရရှိသည့်စာရင်းများအရ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၇၅ ဦး၊ ဒဏ်ရာရရှိခဲ့ရသူဦးရေ ၅၀၂၀ နှင့် ပျောက်ဆုံးနေသူ ၁၄၁ ဦး ရှိသည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ သေဆုံးမှုများသည် မိမိတို့နိုင်ငံသမိုင်းတွင် ဆိုးရွားသည့် အဖြစ်အပျက်တစ်ခုဖြစ်ပြီး မိမိအနေဖြင့်လည်း စိတ်မကောင်းဖြစ်ရကြောင်း၊ သေဆုံးခဲ့ရသူများကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း နေအိမ်အမျိုးအစားနှင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် ယခင်မိမိတို့နိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်ချ်တာစကေး ၈ ထိခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည်ဖြစ်သော်လည်း ဆောက်လုပ်ခဲ့ခြင်းမရှိမှုများကြောင့် အချို့အဆောက်အအုံများမှာ ပျက်စီးပြီး ထိခိုက်သေဆုံးမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နောင်အချိန်တွင် ယခုကဲ့သို့ပျက်စီးမှုများမရှိစေရေးအဆောက်အအုံများဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်ချ်စတာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ယခုငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရစဉ် နေပြည်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ငလျင်ဒဏ်သင့်ပြည်သူများ ကူညီကယ်ဆယ်ရေးအတွက် နိုင်ငံတကာကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးကိုဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ **နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်ဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

မကြာခင်ကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ရိုးရာအစဉ်အလာများနှင့်အညီ အေးအေးချမ်းချမ်းဖြင့်သာ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ စားသောက်ကုန်များဈေးနှုန်း မြင့်တက်မှုမရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့် နိုင်ငံအတွက် ဝမ်းစာဖူလုံရေးနှင့် လူနေမှုဘဝမြင့်မားစေရေးတို့အတွက် အထောက်အကူပြုအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့် ပတ်သက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့်

မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် ထိခိုက်ပျက်စီးမှုလုံးဝမရှိခဲ့ကြောင်းနှင့် အခြားသာသနိကအဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုအနည်းငယ်သာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ် ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေးတို့ကို စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီအင်ဂျင်နီယာနည်းပညာများ အသုံးပြု တည်ဆောက်ခဲ့မှုကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် နောင်လာနောက်သားများ၏ကာလ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုမရှိစေရေး မိမိတို့အနေဖြင့်

အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များအားလုံး အမျိုးသားရေးစိတ်ဓာတ်ရှိစေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးတို့အတွက် ဆရာ၊ ဆရာမများ၊ မိဘများ၏ အုပ်ထိန်းမှုများအောက်တွင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့၏သားသမီးများ ပညာတတ်များဖြစ်စေရေးနှင့် ၎င်းတို့ဖြတ်သန်းရမည့်ဘဝခရီးလမ်းကို အေးချမ်းသာယာချောမွေ့စွာဖြင့် ဖြတ်သန်းသွားနိုင်ရေးလမ်းကြောင်းမှန်ပေါ်သို့ ဖော်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ပတ်သက်၍ နိုင်ငံတော်က အတတ်နိုင်ဆုံးဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြမည်ဆိုပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားသို့ရောက်ရှိကြပြီး ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ရှင်းလင်းတင်ပြမှုများအပေါ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပင်မစံကျောင်းတော်ကြီး ရေရှည်ကြံ့ခိုင်မှုရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကျောက်၊ သဲ၊ သံချောင်းများနှင့်ဘိလပ်မြေတို့ကို အမြန်ဆုံး ရောက်ရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စံကျောင်းတော်ကြီးရှိအောက်ခြေတိုင်များ ကြံ့ခိုင်မှုရှိစေရေးမြန်မြန်ဆန်ဆန်ဖြင့် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ငလျင်ဒဏ်ကြောင့် မြေကာနံရံများ၌မြေပြိုကျခဲ့သည့်နေရာများကို Sheet Pile များဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ရေးလုပ်ငန်းများကို နှစ်စဉ်ကျင်းပနေကျဖြစ်သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားဒေသစာရီကြွချီပူဇော်ခံပွဲမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား ပန်းနှင့် သောက်တော်ရေချမ်းတို့ ကပ်လှူပူဇော်ဖူးမြော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့ဖုံးမှအဆက်

သံဃာတော်အရှင်သူမြတ်များ ကြွရောက် ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ စစ်သည် မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ပထမမိုင်းသောက်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ၎င်းနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်တားဆီးကာရံကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များက သဗ္ဗညုဘုရားရှင်အားရည်မှန်းထား၍ ရတနာစိန်ဖူးတော်ကို ပထမမိုင်းသောက်ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့နာယက၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ငှက်မြတ်နားတော်၊ စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင်ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော်တစ်ချပ်အား ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်နေရာ၌ ကပ်လှူပူဇော်စဉ်။



ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။





ပထမမိုင်းသောက်ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



ပထမမိုင်းသောက်ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များက ရတနာစိန်ဖူးတော်ကို သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့်ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ရတနာစိန်ပန်းခိုင်၊ ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော်အရှင်သူမြတ်များထံ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့်ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင်ခြောက်ကျပ်သားရှိ ရွှေပြားသက်န်းတော် တစ်ချပ်အား ကပ်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





သံဃာတော်အရှင်သူမြတ်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာစိန်ဖူးတော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာညွှန်ကြားရေးမှူးနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး Ms.YasminePrazDessimoz နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Regis Savioz ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့်ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် ခဲ့ရမှုအခြေအနေများ၊ နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့်ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့ပေးခဲ့သည့်အခြေအနေများ၊နိုင်ငံတကာမှ ပေးပို့လာသည့် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို ငလျင်ဘေးဒဏ်သင့်ပြည်သူများထံသို့လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ဝေပေးနေမှုအခြေအနေများ၊ မြန်မာနိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုအင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ AHA Centreအပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ဆက်လက် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ICRCတို့ ပူးပေါင်း၍ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ICRC က ငလျင်ဒဏ်သင့်ဒေသများတွင်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး ၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့နှင့်အတူ ICRC ၏မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (ပြန်ကြား)

# ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ






တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများတင်ဆောင်လာသည့် Air China လေကြောင်းမှလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ဆရာဝန်များနှင့်သူနာပြုဆေးအဖွဲ့များ၊လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည်မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများတင်ဆောင်လာသည့် Air China လေကြောင်းမှလေယာဉ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့် ခြင်ထောင်များ၊ မိုးကာစများနှင့်လူသုံးကုန်၊စားသောက်ကုန်များ စုစုပေါင်း၁၄၅၆၂ထုပ်၊ ၉၀၈၉၃ Kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Economic & Commercial Counsellor ဖြစ်သူ Mr.Ou Yang Daobingနှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြသည်။

ဆက်လက်၍ ဘရူနိုင်းနိုင်ငံမှကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသည့် ဘရူနိုင်းတပ်မတော်လေယာဉ်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ ယင်းလေယာဉ်ဖြင့် အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆိုလာမီးအိမ်များ၊အိပ်ရာလိပ်များ၊စောင်များ၊မိုးကာစများ စုစုပေါင်း အလုံး ၁၀၈၀၊ ၂၇၄၉ kgပါရှိပြီး ရန်ကုန်မြို့သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

(ပြန်ကြား)



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် စေတနာရှင်အလှူရှင်များက လှူဒါန်းထားသော သွေးအိတ်များကို သွေးဖောင်ဒေးရှင်း(ကချင်ပြည်နယ်)အား လွှဲပြောင်းပေးအပ်စဉ်။

# ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိသူများအတွက် စေတနာရှင်အလှူရှင်များက သွေးအိတ်များ ပေးပို့လှူဒါန်း

**နေပြည်တော် ဧပြီ ၁၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ဒဏ်ရာရရှိခဲ့သော လူနာများအတွက် ရည်ရွယ်၍ လှူဒါန်းသော သွေးအိတ်များကို သွေးဖောင်ဒေးရှင်း(ကချင်ပြည်နယ်)သို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လွှဲပြောင်းလှူဒါန်းပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များ၊ လူမှုရေးပရဟိတနှင့် ကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့များ၊ တက္ကသိုလ်၊ ကောလိပ်များမှ အလှူရှင်များက ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာများအတွက် လှူဒါန်းကြပြီး မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ စနစ်တကျ စစ်ဆေးအတည်ပြုထားသည့် သွေးအိတ် ၄၀၀ ကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်နိုင်ရန် သွေးဖောင်ဒေးရှင်း(ကချင်ပြည်နယ်)မှ တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် Sky Villa နေရာ၌ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၁၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်းရပ်ကွက်ရှိသဒ္ဓမ္မပါလကျောင်းတိုက်နှင့် ဇိနေဒယပရိယတ္တိစာသင်တိုက်များသို့ သွားရောက်၍ သံဃာတော်များအား အရုဏ်ဆွမ်း၊ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်၍ သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးမှုအခြေအနေများနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လျှောက်ထားကာ ဆရာတော်များထံမှ ဩဝါဒများ နာခံကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီအတွင်း သာသနိကအဆောက်အအုံများ၌ အပျက်အစီး ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုပြီး ရန်နိုင်ရပ်ကွက်နှင့် ပါရမီရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။ ၎င်းနောက် စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်း၌ ကုန်တင်ယာဉ်ကြီးများ ဇက်ဆိပ်မှ ဖြတ်သန်းသွားလာမှုများ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီ၊ တကောင်းရပ်ကွက်ရှိ မဟာစေတီ၊ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီနှင့် ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီးစေတီများရှိ သာသနိကအဆောက်အအုံများ၊ အရန်စေတီများ ပြိုကျပျက်စီးမှုနှင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယာယီကျောင်းဆောင် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သောတပန်းရပ်ကွက်၊ သံပုဏ္ဏာရာမကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးသင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့ရိုးနေရာ၊ Sky Villa နေရာ၊ အောင်မြေသာစံမြို့နယ်ရှိ စန္ဒာမုနိဘုရား၊ မဟာမုနိရပ်ရှင်တော်တို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်တို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ငလျင်ဒဏ်သင့်နေရာများရှိ အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံ၌ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲသို့ သွားရောက်၍ သွေးအလှူရှင်များနှင့် ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကျောက်ဆည်မြို့ ပြည်လုံးနိုင်ဗလီ၊ ကံဦးဗလီနှင့် ဆူးလေကုန်းဗလီတို့၌ အပျက်အစီးများ ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ခရိုင်တရားရုံးတို့အား အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ အမှုတွဲများ စနစ်တကျထားရှိမှု၊ လုပ်ငန်းများအဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)


# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးရုံတက်လူနာတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။



# နီပေါနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လူသားချင်းစာနာထောက်ထားမှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခဲ့ကြသည့် နီပေါနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့ ၁၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ နီပေါနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကျေးဇူးတင်စကားပြောကြား၍ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါအဖွဲ့များသည် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ လုပ်အားပေးပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

နီပေါနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ယာယီဆေးရုံ(ပေါင်းလောင်း)တွင် ပူးပေါင်းပါဝင်ကုသပေးလျက်ရှိ၊ နေပြည်တော်ရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း ခေတ်မီအလိုအလျောက်ရေသန့်စင်စက်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးရန်အတွက် ဘူတန်ဘုရင့်နိုင်ငံဘုရင်မင်းမြတ်ကစေလွှတ်လိုက်သော ဘူတန်နိုင်ငံဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံ(ပေါင်းလောင်း)၌ ဇွန် ၃ ရက်မှစတင်၍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါကုသပေးလျက်ရှိသည်။





ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ယာယီဆေးရုံ(ပေါင်းလောင်း)တွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးစဉ်။

အဆိုပါ ဘူတန်နိုင်ငံဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွင် ဦးနှောက်နှင့် အာရုံကြောကုသမှုဆိုင်ရာပါရဂူ၊ အရိုးအကြောဆိုင်ရာပါရဂူ၊ မေ့ဆေးပါရဂူ၊ ခွဲစိတ်ကုသမှုပါရဂူ၊ အရေးပေါ်ကုသမှုဆိုင်ရာ ပါရဂူတို့အပါအဝင် အဖွဲ့ဝင် ၈၇ ဦးပါဝင်ပြီး မြေစိုက်အရေးပေါ်ခွဲစိတ်ခန်းနှစ်ခန်း တည်ဆောက်ကာ နေ့စဉ် အကြီးစားနှင့် အသေးစားခွဲစိတ်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဗုဒ္ဓရတနာပရဟိတပညာဒါနကျောင်းတိုက်ရှိ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၈၀၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် ငလျင်ဒဏ်သင့်အိမ်ထောင်စု ၆၉ စုမှ မိသားစုဝင် ၁၀၀ ကျော်တို့အား ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသပေးကြသည်။ ထို့ပြင် ဆေးဘက်ဆိုင်ရာအဖွဲ့သည် အဆိုပါကျောင်းတိုက်၌ ခေတ်မီရေသန့်စင်စက်နှင့် လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီတစ်လုံးတို့ကို တပ်ဆင်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်ရှိ ကျောင်းသား၊ ကျောင်းသူများတွက် ကလေးအသုံးအဆောင်ပစ္စည်း အထုပ် ၂၄၀ နှင့် အားကစားပစ္စည်းများကို လှူဒါန်းရာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဒီပက ဉာဏ်တော် ၁၈ လက်မရှိ ကျွန်းနက်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဘူတန်နိုင်ငံဘုရင်မင်းမြတ်အတွက် အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ချီးမြှင့်ခဲ့သည်။

၎င်းအပြင် ဘူတန်နိုင်ငံဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ပျဉ်းမနားမြို့ရှိ ခေမာသီဝံ ပရိယတ္တိစာသင်တိုက်နှင့် မစိုးရိမ်ကျောင်းတိုက်တို့၌ ငွေကျပ် သိန်း ၄၅၀ တန်ဖိုးရှိ လျှပ်စစ်ဓာတ်အားမလိုအပ်ဘဲ တစ်နေ့လျှင် ရေလီတာ ၁၀၀၀၀ သန့်စင်ပေးနိုင်သည့် အလိုအလျောက်ရေသန့်စင်စက်နှင့် လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီတစ်လုံးစီတို့ကိုတပ်ဆင်လှူဒါန်းပေးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ တစ်ကိုယ်ရေသုံးပစ္စည်းအစုံ ၁၀၀ စီနှင့် ဆန်၊ စားသုံးဆီ၊ သကြားစသည့် လှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြသည်။

အလားတူ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ရွှေ့လျားခွဲစိတ်ယာဉ်၊ ရွှေ့လျားဓာတ်မှန်ယာဉ်၊ ရွှေ့လျားဓာတ်ခွဲယာဉ်တို့ဖြင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးလျက်ရှိရာ ယနေ့ထိ ခွဲစိတ်လူနာ ၆၆ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး နေ့စဉ်အတွင်း လူနာဦးရေ ၆၀ ခန့်၊ ယနေ့ထိ ပြင်ပလူနာ ၂၆၀၀ ကျော်တို့ကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ကျောင်းသား၊ ကျောင်းသူများအား နွေရာသီသင်တန်းဆင်းပွဲများပြုလုပ်




အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် သင်တန်းသားတစ်ဦးကို သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။

**နေပြည်တော် မေ ၁၁**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာနားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများတိုးပွားစေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့်ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များရှိ ကျောင်းသားကျောင်းသူများကို ဖွင့်လှစ်သင်ကြားခဲ့သည့် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံ၊ အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ မြန်မာ့သိုင်းအခြေခံသင်တန်းဆင်းပွဲများကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌လည်းကောင်းပြုလုပ်ကြရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းများအလိုက် ဆုရရှိကြသည့် သင်တန်းသား၊သင်တန်းသူများကို ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ရှမ်းပြည်နယ်ရှိ မြို့နယ်စာရေးဆရာအသင်းများနှင့် တွေ့ဆုံပွဲကျင်းပ




**တောင်ကြီး မေ ၁၁**

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)သည် ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန (တောင်ကြီး)၌ တောင်ကြီး၊ညောင်ရွှေနှင့်ကလောမြို့နယ် စာရေးဆရာအသင်းများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်မေမေနီ၊အတွင်းရေးမှူး ဒေါ်ရွှေရွှေမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦး၊ တောင်ကြီး၊ ညောင်ရွှေနှင့် ကလောမြို့နယ်စာရေးဆရာအသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ် အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းဥက္ကဋ္ဌက အသင်း၏ လက်ရှိဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အလှူငွေလှူဒါန်းခဲ့မှုနှင့် ငလျင်ဘေးဒဏ်ခံစားခဲ့ရသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များအတွက် ကူညီထောက်ပံ့မည့်ကိစ္စများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ကြရသောပြည်သူများကို စာနာနားလည်သောအားဖြင့် စိတ်ဓာတ်ခွန်အားဖြစ်စေမည့် စာပေများရေးသား၍ အားပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့မြို့နယ်အသင်းအလိုက် စာပေရေးရာကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး အသင်းဥက္ကဋ္ဌနှင့် မြို့နယ်အသင်းဝင်များသည် တောင်ကြီးမြို့တွင် နေထိုင်သော မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင် အသက် ၉၃ နှစ်ရှိ စာရေးဆရာကြီး ဦးသိန်းသန်းထွန်းနှင့် ဇနီး စာရေးဆရာမကြီး အင်းလေးသန္တာခင်တို့၏နေအိမ်သို့သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်မှ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့ပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့်နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်ထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှုလျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

# မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆက်သွယ်မှုစနစ်များအား ဒုတိယဝန်ကြီး ဦးလှူမွန် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၁၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှူမွန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး နေပြည်တော်-မန္တလေး လမ်းတစ်လျှောက် ပျော်ဘွယ်၊ မိတ္ထီလာ၊ ကျောက်ဆည်မြို့တို့ရှိ အော်တိုအိတ်ချိန်းများ၊ မိုဘိုင်းစခန်းများ၊ ဖိုင်ဘာလိုင်းဆက်သွယ်မှုများ၊ စာတိုက်များ၏ ပြင်းထန်မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေနှင့် ဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးနေမှု၊ စာပေးစာယူလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ဝန်ထမ်းအိမ်ရာနှင့် ဝန်ထမ်းများ နေထိုင်မှုတို့ကိုစစ်ဆေးပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသည်။ နေ့လယ်ပိုင်းတွင် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၌ မိုဘိုင်းအော်ပရေတာများမှ တာဝန်ရှိသူများကိုတွေ့ဆုံ၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် မန္တလေးမြို့အတွင်း ဆက်သွယ်ရေးအိတ်ချိန်းများ၊ စာတိုက်များ၊ စာရွေးစာပို့စခန်းနှင့် ဝန်ထမ်းအိမ်ရာများ၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ မြို့အတွင်း အဆောက်အအုံများ ပြိုကျပျက်စီးမှုကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်း၊ ဖိုင်ဘာနှင့် တယ်လီဖုန်းကွန်ရက်များ ပြတ်တောက်ပျက်စီးမှုတို့ကို ပြုပြင်ခြင်းများအား ကြည့်ရှုစစ်ဆေးပြီး စနစ်တကျ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့သို့ရောက်ရှိပြီး မြို့တွင်းရှိ အိတ်ချိန်းများ၊ မိုဘိုင်းစခန်းများ၊ စာတိုက်များ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု၊ ဝန်ထမ်းအိမ်ရာများ အခြေအနေနှင့် ယာယီနေထိုင်နေမှုများကို စစ်ဆေးသည်။ ဆက်လက်၍ မန္တလေးကမ်းနားလမ်းတစ်လျှောက် ငလျင်ဒဏ်ကြောင့် ဖိုင်ဘာဆက်ကြောင်း ပျက်စီးမှုများ၊ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကာ ခရီးစဉ်တစ်လျှောက် ငလျင်ဒဏ်ခံရသည့် ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြင်ဆင်နေမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ငလျင်ဒဏ်ခံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အားပေးစကားများပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ (သတင်းစဉ်)

# နေပြည်တော်ရှိ ဝန်ကြီးဌာန၏ ဝန်ကြီးရုံးများ၌ ရုံးလုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ထမ်းနှင့်မိသားစုများ ယာယီနေထိုင်ရေးနေရာချထားပေးမှု အခြေအနေများကို ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဝန်ကြီးရုံး ရုံးအမှတ်(၂၉)၊ ရုံးအမှတ် (၂) နှင့် ရုံးအမှတ်(၅)တို့သို့ သွားရောက်၍ ရုံးဌာနအလိုက် ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ထမ်းနှင့်မိသားစုများ ယာယီနေထိုင်ရေး နေရာချထားပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့်အဖွဲ့သည် ရုံးအမှတ်(၂၉) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)ရှိ ဌာနခွဲများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့၏ ဌာနခွဲများ၌ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားသည်။ ဆက်လက်၍ ငလျင်ဒဏ်ခံ ဝန်ထမ်းမိသားစုများကို ရုံးဧရိယာအတွင်း ယာယီနေထိုင်ရေး နေရာချထားပေးမှု၊ စားသောက်ရေး၊ ကျန်းမာရေးစီစဉ်ပေးထားမှု အခြေအနေများကိုလည်းကောင်း၊ ငလျင်ဒဏ်ခံရသည့် ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၏ ပျက်စီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

၎င်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝန်ကြီးရုံး ရုံးအမှတ်(၂)သို့ ရောက်ရှိပြီး ဝန်ကြီးရုံး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သတင်းအချက်အလက်၊ နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့၏ ရုံးခန်းများအတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား လိုက်လံကြည့်ရှုအားပေးခြင်း၊ သင်ကြားမှုများအတွက် သင်ထောက်ကူပစ္စည်းများ၏ အခြေအနေကိုစစ်ဆေးခြင်း၊ ရုံးဧရိယာအတွင်း ငလျင်ဒဏ်ခံ ဝန်ထမ်းမိသားစုများအတွက် ယာယီစခန်းချ စီစဉ်ထားရှိမှု၊ စားသောက်ရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပံ့ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မိုးလုံလေလုံနေထိုင်နိုင်ရေးနှင့် အခြားလိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးရုံး ရုံးအမှတ် (၅) ၌ ရုံးခန်းများအလိုက် တာဝန်ထမ်းဆောင်နေသော ရုံးဝန်ထမ်းများအား လိုက်လံကြည့်ရှုအားပေးကာ ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နိုင်စေရေး စီမံဆောင်ရွက်ရန်ကိစ္စ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်ရေးဆိုင်ရာ ကိစ္စများ၊ ရုံးအားလုံးနှင့် ယာယီစခန်းနေရာများတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးသတ်ဆေးဘူးများထားရှိရန်၊ အဆိုပါ ယာယီစခန်းများအလိုက်တွင် အဖွဲ့ခေါင်းဆောင်များ သတ်မှတ်တာဝန်ပေးအပ်ရန် ကိစ္စများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြင်းထန်သောမြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော်-မန္တလေးရထားလမ်းပိုင်း၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ စစ်ကိုင်းတံတား(အင်းဝ)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများကို ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဧပြီ ၈ ရက်မှ ၁၀ ရက်ထိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့် အတူ ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနှင့် တာပေါင်များ၊ ရထားလမ်းတံတားများ၊ ဘူတာများ၏ အခြေအနေအား စစ်ဆေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ စစ်ကိုင်းတံတား(အင်းဝ)၊ ဒီဇယ်စက်ခေါင်းစက်ရုံ(မန္တလေး)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့ရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများ ပျက်စီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိပြင်းထန်သောမြေငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောရထားလမ်းနှင့် တာပေါင်များ၊ ရထားလမ်းတံတားများ၊ ဘူတာများ၏ အခြေအနေနှင့် ပြန်လည်ပြုပြင် ဆောင်ရွက်ထားမှုအခြေအနေတို့ကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် သံပေါင်ခုံးများ ပြုတ်ကျခဲ့သည့် စစ်ကိုင်းတံတား(အင်းဝ) သို့သွားရောက်ပြီး မန္တလေးဘက်ကမ်းကပ်ခုံနှင့် မပြုတ်ကျသေးသည့် ပေ ၃၅၀ အရှည် သံပေါင်ခုံးတို့ကိုလည်းကောင်း၊ ဧရာဝတီမြစ်အတွင်း ပြုတ်ကျသွားသည့် သံပေါင်ခုံးများနှင့် ရေလယ်တိုင်များကိုလည်းကောင်း၊ စစ်ကိုင်းဘက်ကမ်းကပ်ခုံ၊ ပေ ၆၀ သံပေါင် ခြောက်ခုနှင့် ပေ ၂၅၀ အရှည် သံပေါင်ခုံးတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ ဒီဇယ်စက်ခေါင်းစက်ရုံ (မန္တလေး)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့ရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများသို့ သွားရောက်စစ်ဆေးပြီး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဖာပွန်မြို့နယ် ကမမောင်းမြို့၌ အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း တစ်လုံး ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ကလေးငယ် သုံးဦး ထိခိုက်ဒဏ်ရာရရှိ

အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်းပေါက်ကွဲမှုကြောင့် ကလေးငယ် သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်တည်နေရာပြပုံ




နေပြည်တော် မေ ၁၁

အကြမ်းဖက်သမားများ အနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအား ထိခိုက်သေဆုံးဒဏ်ရာရရှိစေရန် ရည်ရွယ်ကာ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များလုပ်ဆောင်ခြင်း၊ အများပြည်သူသွားလာအသုံးပြုသောလမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များအနီးတွင် ဖောက်ခွဲရေးပစ္စည်းကိရိယာများ တပ်ဆင်မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ မိုင်းထောင်ဖောက်ခွဲခြင်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်မှုများကြောင့် မေ ၁၀ ရက် ညနေ ၅ နာရီခန့်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းမြို့ အမှတ်(၃)ရပ်ကွက်နေ မဇင်မြတ်နိုး ၁၂ နှစ်၊ မကြယ်စင်လင်းသန့် ၁၇ နှစ်နှင့် မစင်သီတာသိမ့်၁၂ နှစ်တို့ သုံးဦးသည် အဆိုပါ ရပ်ကွက်အနီး သံလွင်မြစ်ကမ်းဘေး၌ ရေကူးရန် သွားရောက်စဉ် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း တစ်လုံးအား မဇင်မြတ်နိုင်က နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့သုံးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါမိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည့်ကလေးငယ်များကို ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ စဉ်းစားဆင်ခြင်ဉာဏ် ကင်းမဲ့စွာဖြင့် အကြမ်းဖက် လုပ်ဆောင်နေမှုများကို ရပ်ကွက်၊ ကျေးရွာလူထုက လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရှိရပြီး အကြမ်းဖက်မိုင်းထောင်သူများအား ဥပဒေနှင့်အညီ အမြန်ဆုံး ဖော်ထုတ်အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များ၏ မှတ်တမ်းဓာတ်ပုံ။



မကြယ်စင်လင်းသန့် ၁၇ နှစ် (ဘ) ဦးစိုးနိုင်



မစင်သီတာသိမ့် ၁၂ နှစ် (ဘ) ဦးရန်နိုင်



မဇင်မြတ်နိုး ၁၂ နှစ် (ဘ) ဦးမျိုးလွင်

## ၂၀၂၅ ခုနှစ် မေ ၁၁ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၂၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အချိန်အခါမဟုတ် မိုးရွာမည်


နေပြည်တော် မေ ၁၁

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ မေ ၁၇ ရက်ထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

ယနေ့ညမှ ၁၇-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

၁၂-၅-၂၀၂၅ ရက်နေ့ ၁၃-၅-၂၀၂၅ ရက်နေ့



# ပွင့်ဖြူမြို့နယ်၌ ပဲကြီးကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၁၆ ဒသမ ၇၇ တင်းထွက်ရှိ



ပွင့်ဖြူ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် ပဲကြီးကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲကြီး ၄၈၂၂ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲကြီးစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီက ပဲကြီး ၄၈၂၂ ကေစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် ပဲကြီးစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှု ရှိခဲ့ပါတယ်။ ပဲကြီးစိုက်ခင်းကို တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းတိုးတက်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေး နည်းပညာတွေကိုလဲ အသိပညာပေးဆောင်ရွက်ခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲကြီးစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးစသည့် တောင်သူပညာပေးလုပ်ငန်းများ အပြင် အချိန်မီသီးနှံ ရိတ်သိမ်းခြွေလှေ့နည်းပညာနှင့် ရိတ်သိမ်းပြီးသီးနှံများ အမိုးအကာအောက်တွင် စနစ်တကျထားသိုသိမ်းဆည်းနည်းစနစ်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေး ပဲကြီးကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကျားကဏန်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဧပြီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကျားကဏန်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ကျားကဏန်းပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ကျားကဏန်း ပိဿာချိန် ၇၂၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ မတ်လအတွင်း ကျားကဏန်း ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိမှာ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းအသေး တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၃၃၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ဂျင်ရဲမြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်ကြီးကျေးရွာအုပ်စု ဂျင်ရဲမြောင်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ဂျင်ရဲမြောင်ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၅ ဒသမ ၉၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂျင်ရဲမြောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## လူ့ဂုဏ်တန်ဖိုး မြင့်အောင်ကြိုး

\- လူ့ဘဝကို ခရီးတစ်ခေါက်
ရောက်လာကြ အခါဝယ်၊
ရှင်သန်ရာ ဘဝလမ်း
အေးချမ်းဖို့ရွယ်၊
အတ္တမာန ရှောင်ကြဉ်ဖယ်
မေတ္တာရယ် ရှေးရှုပွား၊
ကိုယ်ချင်းစာ ညှာတာစိတ်
ထိပ်တန်းမှာထား။

\- ကြီးသူကို လေးစားလို့
ငယ်သူသနား မေတ္တာဝင်၊
အရွယ်တူ ဖေးကူမ
ယုယချစ်ခင်၊
အမုန်းမထား အပြစ်မပြင်
ကြင်နာစွာ ချစ်ပင်ပျိုး၊
ပတ်ဝန်းကျင် ငြိမ်းအေးချမ်း
ထမ်းရွက်သယ်ပိုး။

\- ပညာကို ရအောင်ကြိုး
လူ့တန်ဖိုး မြင့်မားအောင်၊
ရိုးသားစွာ ကြိုးစား
တိုးပွားကြံဆောင်၊
ရိုးသားခြင်း ဂုဏ်အရောင်
ထွန်းလင်းပြောင် နေသို့လင်း၊
မိမိကို မိမိချစ်လို့
ထုဆစ်ပါမင်း။ ။

**ချစ်သက်(မြန်မာစာ)**

# မိုင်းပန်မြို့နယ် ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းပန် ဧပြီ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# ကသာမြို့နယ်တွင် ဆောင်းသီးနှံမြေထောက်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၁၆ ဒသမ ၆၅ တင်း ထွက်ရှိ



ကသာ ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၆၅ တင်းထွက်ရှိကြောင်း ကသာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၅၁၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၆၅ တင်းထွက်ရှိကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၁၅၁၇၆ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ သွင်းအားစုတွေ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည် ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်သောကြောင့် မြေထောက်ပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ် ကျုံမရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရေကြည် ဧပြီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုနှုန်းလျော့ကျစေရန်ရည်ရွယ်၍ ကျုံမရမ်းကျေးရွာ၌ ၁၁ ကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌွေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ ရရှိလာမည့် အကျိုးကျေးဇူးများ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများကစီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၀ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျုံမရမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၀ ဦးကို ငွေကျပ် ၂၀ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၀သန်း၊ စုစုပေါင်းအသင်းသူ၊အသင်းသား၁၅၆ ဦးကို ငွေကျပ် ၄၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကျားပျံစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျုံပျော် ဧပြီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကျားပျံစပါး တင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိဆွေက ပြောပြ၍ သိရသည်။



ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ကျားပျံစပါးတင်းရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကျားပျံစပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်လအတွင်း ကျားပျံစပါး တင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျုံပျော်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါးက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် မတ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိဆွေက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းတင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး အမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း ဧပြီ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းဖြင့် မိုင်းလွေကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ ဒေသကျွဲမွေးမြူထားရှိ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF) စီမံကိန်း ခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနမ့်လွေ အစုအဖွဲ့လေးဖွဲ့တို့မှ ဒေသကျွဲမွေးမြူခြင်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

# ကြို့ပင်ကောက်မြို့နယ် အိုးဘိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကြို့ပင်ကောက် ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများလျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုရားကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# လူမှုကွန်ရက်ကို အကျိုးရှိစွာ အသုံးပြုသွားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ သတင်းအချက်အလက်စီးဆင်းမှု မြစ်ဖျားခံရာသည် အင်တာနက်နည်းပညာပင်ဖြစ်သည်။ အင်တာနက်နည်းပညာတွင်ဖေ့ဘွတ်နှင့် X ကဲ့သို့သော လူမှုကွန်ရက်များသည်သတင်းအချက်အလက် လျင်မြန်စွာဖြန့်ဝေနိုင်ခြင်း၊လူတန်းစားမရွေးသုံးစွဲနိုင်ခြင်းတို့ကြောင့် အချိန်တိုအတွင်း အများစုအသုံးပြုနေသော နည်းပညာတစ်ရပ်ဖြစ်လာခဲ့သည်။ လူမှုကွန်ရက်များသည် လူမှုဆက်ဆံရေးနယ်ပယ်တွင်သာမက နိုင်ငံရေး၊ စီးပွားရေး ကဏ္ဍစုံတွင် လက်သုံးကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်သဖြင့် များစွာအသုံးဝင်သော နည်းပညာတစ်ရပ်လည်းဖြစ်သည်။

**သုံးစွဲသူများပြား**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဖေ့ဘွတ်နှင့် X ကဲ့သို့သော လူမှုကွန်ရက်များကို သုံးစွဲနေသူ ၃ ဒသမ ၆ ဘီလီယံကျော်ခန့်ရှိသည်။ ထို့ကြောင့် လူမှုကွန်ရက်၏ ဆိုးကျိုးများအပေါ် သတိထားစောင့်ကြည့်နိုင်ရေးအတွက် အသုံးပြုရာတွင် အလွန်အကျွံမဖြစ်စေရန် ထိန်းချုပ်ခြင်း၊ ဆော့ဖ်ဝဲနည်းပညာများဖြင့် အကူအညီပေးခြင်း၊ ပညာရှင်များနှင့် မူဝါဒရေးဆွဲသူများအနေဖြင့် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချနိုင်ရန် နည်းလမ်းများရှာဖွေခြင်း စသည်တို့ကို လုပ်ဆောင်သွားရန် လိုအပ်နေပြီဖြစ်သည်။

လူမှုကွန်ရက်သည် မျက်မှောက်ခေတ်လူသားများအတွက် မရှိမဖြစ် အရာတစ်ခုဖြစ်လာသည်။ လူကြီး၊ လူလတ်၊ လူငယ် အသက်အရွယ်ပေါင်းစုံသည် လူမှုကွန်ရက်ကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သုံးစွဲနေကြသည်။ တချို့က စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုသည်။ တချို့က ဗဟုသုတရှာဖွေရန် အသုံးပြုသည်။ တချို့က အကျိုးပြုစာပေများ၊ တရားဓမ္မများကို မျှဝေဖို့ရန်အသုံးပြုသည်။ တချို့က မိမိ၏ တစ်နေ့တာလုပ်ဆောင်မှုများကို မမောမပန်းတင်ကြသည်။ အများစုသည် တန်ဖိုးရှိသောအချိန်များကို လူမှုကွန်ရက်သုံးရင်း ဖြုန်းတီးပစ်ကြသည်။ ရလဒ်အနေဖြင့် ငွေကုန်လူပန်းသာဖြစ်နေကြသည်။

**ကောင်းကျိုးအထွေထွေ**

ပြီးခဲ့သော နှစ်အနည်းငယ်မှစ၍ လူမှုကွန်ရက်သည် အံ့သြဖွယ်ကောင်းလောက်သည့် အတိုင်းအတာဖြင့် ကြီးမားကျယ်ပြန့်လာခဲ့ပြီး ဖေ့ဘွတ်နှင့် X သုံးစွဲသူသည် သန်းပေါင်းများစွာထိ ရှိလာသည်။ နည်းပညာတိုးတက်လာသည်နှင့်အမျှ လူမှုကွန်ရက်များ၏ အားသာချက်ပေါင်းများစွာကို ရရှိနိုင်ပြီး အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူမှု ကွန်ရက်ကို လူမှုဘဝမြှင့်တင်ရန်နှင့် လူသားတို့၏ စိတ်ခံစားချက်များကို ဖော်ပြနိုင်ရန်အတွက် အသုံး ပြုနိုင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း လူမှုကွန်ရက် အသုံးပြုသူ အရေအတွက်သည် တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။ တချို့သောသူများသည် လူမှုကွန်ရက်ကို အသုံးချပြီး အောင်မြင်တိုးတက်မှုကို ဖော်ဆောင်နိုင်လျက်ရှိကြသည်။ သာဓကအနေဖြင့် အွန်လိုင်း စီးပွားရေးလုပ်ငန်းရှင်နှင့် အနုပညာရှင်တချို့သည် အောင်မြင်မှုရရှိလျက်ရှိကြသည်။

လူမှုကွန်ရက်သည် ရုပ်ပိုင်းဆိုင်ရာအတားအဆီးများကိုကျော်လွန်၍ ကမ္ဘာတစ်ဝန်းရှိ မည်သူ့ကိုမဆို ဆက်သွယ်နိုင်သည်။ တစ်ကိုယ်ရေအသုံးပြုရန်အတွက်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအတွက်သော်လည်းကောင်း များစွာအကျိုးဖြစ်ထွန်းသည်။ ကျောင်းသားများသည် အုပ်စုဖွဲ့ဆွေးနွေးပွဲများ ပြုလုပ်နိုင်သည်။ လေ့လာမှတ်သား ကိုးကားလိုသော စာအုပ်များကို ဒေါင်းလုတ်ရယူနိုင်သည်။ အလားတူ စာပေဝါသနာရှင်များအနေဖြင့်လည်း နာမည်ကြီးစာရေးဆရာများ၏ စာအုပ်များ၊ သုတရသစာပေများကို ဒေါင်းလုတ်ယူဖတ်နိုင်သည်။ တရားဓမ္မလေ့လာပွားများအားထုတ်လိုသူများအနေဖြင့် ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများ၏ တရားတော်များ၊ ပရိတ်တော်များ၊ ပဋ္ဌာန်းတော်များကို ဒေါင်းလုတ်ရယူနိုင်သည်။ ရုပ်ရှင်၊ ဂီတ ဝါသနာပါသူများအနေဖြင့်လည်း ဓာတ်ကားများ၊ တေးသီချင်းများရယူနိုင်သည်။ ချက်ရေးပြုတ်ရေးဝါသနာပါသူများအနေဖြင့်လည်း တိုက်ရိုက်ကြည့်ရှုလေ့လာနိုင်သည်။ လူမှုကွန်ရက်သည် သုံးစွဲသူ၏ ချင့်ချိန်နိုင်စွမ်းအပေါ်မူတည်၍ အကျိုးတရားများပြားလျက်ရှိသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် အစည်းအဝေးများ ပြုလုပ်နိုင်သည်။ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို အရောင်းမြှင့်တင်နိုင်သည်။ စီးပွားရေးလုပ်ဖော်ကိုင်ဖက်မိတ်ဆွေများတိုးချဲ့နိုင်သည်။ စီးပွားရေးလုပ်ငန်းများကို ကြော်ငြာနိုင်သည်။ နိုင်ငံရေးပါတီများသည်ပင်လျှင် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် လူမှုကွန်ရက်မှတစ်ဆင့် မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်နေကြရသည်။ အထူးသဖြင့် ဖေ့ဘွတ်သည် သတင်းအရင်းအမြစ်ဖြစ်သည်။ နောက်ဆုံးသတင်းများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပါသည်။

**ဆိုးကျိုးများစွာ**

သို့သော် အရာရာတိုင်းတွင် ကောင်းကျိုးနှင့် ဆိုးကျိုး ဒွန်တွဲနေသကဲ့သို့ပင် လူမှုကွန်ရက်ကို အသုံးပြုရာတွင်လည်း သုံးစွဲသူအပေါ်မူတည်ပြီး ကောင်းကျိုးနှင့် ဆိုးကျိုးနှစ်မျိုးစလုံးကို ရရှိခံစားကြရမည်ဖြစ်သည်။ လူမှုကွန်ရက်သုံးစွဲရာတွင် အကျိုးနှင့်အပြစ် နှစ်မျိုးစလုံး ဒွန်တွဲပါလာသည်ကို သတိထားမိသည့် အရေအတွက်မှာ ရာခိုင်နှုန်းလွန်စွာနည်းပါးလျက်ရှိသည်။ ထို့ကြောင့်ပညာရှင်များသည် လူမှုကွန်ရက်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲဆိုးကျိုးများကို သုတေသနပြုနေကြရပြီဖြစ်သည်။ စင်စစ်အားဖြင့် လူမှုကွန်ရက် သုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပေါ်လေ့ရှိကြောင်း၊ ထိုဆိုးကျိုးများသည် စိတ်ကျန်းမာရေးနှင့် ဆက်စပ်နေသည်ထက်ပင် ပိုမိုပြင်းထန်ကြောင်းနှင့် ဖေ့ဘွတ်နှင့် X တို့ကဲ့သို့သောဝက်ဆိုက်များအသုံးပြုခြင်းသည် ဆိုးကျိုးများစွာ ဖြစ်ပွားနိုင်ကြောင်းကို ပညာရှင်များက လေ့လာသုတေသနပြုတွေ့ရှိထားသည်။

**❖ စင်စစ်အားဖြင့် လူမှုကွန်ရက်သည် အလွှာပေါင်းများစွာကို ပေါင်းစည်းထားသည့်အတွက် မှန်ကန်စွာ အသုံးချနိုင်မည်ဆိုပါက အသိပညာများ မျှဝေပေးနိုင်ခြင်း၊ သိရှိလိုသည့်အချက်အလက်များကို အချိန်တိုအတွင်း ရှာဖွေသိရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်ခြင်း၊ ပညာရေးအတွက်များစွာ အထောက်အကူပြုခြင်းနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းတို့ကြောင့် လူမှုကွန်ရက်ကို အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်သည်။❖**

ထိုသို့ဖြစ်ပွားလျက်ရှိသည့် ဆိုးကျိုးအများစုမှာ စိုးရိမ်ပူပန်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ အနိုင်ကျင့်ခံနေရသည်ဟု ခံစားရခြင်း၊ သေကြောင်းကြံစည်စိတ်ဖြစ်ပေါ်ခြင်း၊ ဆိုက်ဘာအနိုင်ကျင့်မှုခံရခြင်း၊ ဆိုးသွမ်းခြင်း၊ မနာလိုစိတ်ဖြစ်ပေါ်ခြင်း၊ အချက်အလက်များကို ပိုမိုတင်ပြခြင်း၊ အွန်လိုင်းလုံခြုံမှုကင်းမဲ့ခြင်းတို့ပင်ဖြစ်သည်။ လူမှုကွန်ရက်အသုံးပြုခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများမှသည် လုပ်ငန်းခွင်နှင့် ပညာသင်ကြားရေးထိ ဆိုးကျိုးများစွာ သက်ရောက်စေလျက်ရှိသည့်အပြင် တစ်ကိုယ်ရေလုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာများကိုလည်း ဖြစ်ပေါ်စေလျက်ရှိကြောင်း ပညာရှင်များက ထောက်ပြထားသည်။ ထို့ကြောင့် လူမှုကွန်ရက်များ အသုံးပြုရာတွင် အကျိုးနှင့်အပြစ် နှစ်ရပ်စလုံးကို သိရှိထားရန် လိုအပ်ပေသည်။

ထို့ကြောင့် လူမှုကွန်ရက်ကို စွဲစွဲလမ်းလမ်းအသုံးမပြုမိအောင်ဆင်ခြင်ရန်လိုသည်။ ထိုသို့မဟုတ်လျှင် တန်ဖိုးရှိသောအချိန်များ ဆုံးရှုံးရမည်ဖြစ်သည်။ ဘဏ်လုပ်ငန်းအတွက် လူမှုကွန်ရက် အသုံးပြုမည်ဆိုလျှင် နာမည်၊ လိပ်စာ၊ ခရက်တစ်ကတ်နံပါတ် စသည့်ကိုယ်ရေးအချက်အလက်များကို အခိုးခံရနိုင်သည်။ ကိုယ်ရေးအချက်အလက်များ၊ အကြောင်းအရာများ၊ လှုပ်ရှားမှုများ၊ ဓာတ်ပုံများကို သူငယ်ချင်းများမှတစ်ဆင့် အခြားသူများကို သိစေနိုင်သည်။ ဓာတ်ပုံများ အလွန်အကျွံတင်ရာမှ စိတ်အနှောက်ယှက်ဖြစ်ရနိုင်သည်။ အထူးသဖြင့် အမျိုးသမီးများ၏ ဓာတ်ပုံများကို နှောင့်ယှက်တိုက်ခိုက်လိုသူများက နည်းပညာဖြင့် လိုသလိုပြုပြင်ခြင်း ခံရနိုင်သည်။ အထူးသဖြင့် အိမ်ထောင်ရှင်အမျိုးသမီးများသည် လူမှုကွန်ရက်မှတစ်ဆင့် အပြန်အလှန် သတင်းစကားများ ပေးပို့ဖလှယ်ကြသဖြင့် အိမ်ထောင်ရေးပြိုကွဲနိုင်သည်။

**နယ်ပယ်ပေါင်းစုံတွင်အသုံးပြု**

ဆိုရလျှင် လူမှုကွန်ရက်သည် လူတစ်ဦးချင်းစီ၏ နေ့စဉ်လူနေမှုဘဝမှသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးကဏ္ဍတို့လည်း လွှမ်းမိုးလာလျက်ရှိသည်။ သာဓကအနေဖြင့် အာရပ်နွေဦးတော်လှန်ရေးတွင် ဂျာနယ်လစ်များသည် ပြည်သူလူထု၏ အထွေထွေမကျေနပ်ချက်ကို လူမှုကွန်ရက်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်ခဲ့သဖြင့် လူထုအုံကြွမှုကြီးဖြစ်ပေါ်လာပြီး အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံတချို့တွင် နိုင်ငံရေးအပြောင်းအလဲများစွာ ဖြစ်ပေါ်လာခဲ့သည်။ အလားတူ အမေရိကန်သမ္မတရွေးကောက်ပွဲတွင်လည်း လူမှုကွန်ရက်မှတစ်ဆင့် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် မဲရလဒ်များ ပြောင်းလဲခဲ့သည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အာဏာရပါတီသည် ငွေသိန်းပေါင်းများစွာ အကုန်ကျခံကာ လူမှုကွန်ရက်ကိုအသုံးချပြီး ပြည်သူလူထုကို လှုံ့ဆော်စည်းရုံးခဲ့သည်။

**ချင့်ချိန်ဆုံးဖြတ်ရန်လို**

လက်ရှိအချိန်တွင် လူသားတို့သည် လူမှုကွန်ရက်ကို ရည်မှန်းချက်တစ်ခုအတွက် အသုံးချသည့် ပလက်ဖောင်းတစ်ခုအဖြစ် တွင်ကျယ်စွာ အသုံးပြုလာပြီဖြစ်သည်။ သို့သော် တစ်ကိုယ်ရေအချက်အလက်များ လုံခြုံရေးအတွက် သတိထားသင့်သည်။ သာဓကအနေဖြင့် လူမှုကွန်ရက်တွင် မိတ်ဆွေဖွဲ့ရာ၌ လုံခြုံရေးသတိရှိရန် လိုအပ်သည်။ ထို့ပြင် လူမှုကွန်ရက်၌ သတင်းတု၊ သတင်းမှားများ၊ ပုံဖျက်သတင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဖြူးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရအပါအဝင် ပြိုင်ဘက်များကို တိုက်ခိုက်ထိုးနှက်အသရေဖျက်မှုများ၊ ပုံမှားရိုက်သတင်းများကို ဝါဒဖြန့်ချီလျက်ရှိသည်။ ဓာတ်ပုံများနှင့် ရုပ်သံသတင်းများကို တည်းဖြတ်နိုင်သည့် ဆော့ဖ်ဝဲများကိုအသုံးပြုပြီး သတင်းမှားများ၊ သတင်းအတုအယောင်များ၊ ကောလာဟလသတင်းများ၊ ပဋိပက္ခကို လှုံ့ဆော်ပေးသည့်သတင်းများနှင့် သတင်းစကားများကို ဖြန့်ဝေလျက်ရှိကြသည်။ ထို့ကြောင့် သတင်းတု၊ သတင်းမှားများအပေါ် မယုံကြည်မိစေရန် ချင့်ချိန်ဆုံးဖြတ်သွားရန် လိုအပ်သည်။

**လူမှုကွန်ရက်ကို အကျိုးရှိစွာအသုံးပြုသွားစေလို**

ပြည်သူများအနေဖြင့် လူမှုကွန်ရက် အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သိထားသင့်ပေသည်။ လူမှုကွန်ရက်ပေါ်မှတစ်ဆင့် အခြားသူတစ်ဦးအပေါ် မဟုတ်မမှန် ဝေဖန်တိုက်ခိုက်မည်ဆိုလျှင်၊ အထူးသဖြင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေမည့် ရေးသားပြောဆိုမှုများ လုပ်ဆောင်မည်ဆိုလျှင် ဆက်သွယ်ရေးဥပဒေအရ အရေးယူခံရမည်ဖြစ်သည်။

စင်စစ်အားဖြင့် လူမှုကွန်ရက်သည် အလွှာပေါင်းများစွာကို ပေါင်းစည်းထားသည့်အတွက် မှန်ကန်စွာ အသုံးချနိုင်မည်ဆိုပါက အသိပညာများ မျှဝေပေးနိုင်ခြင်း၊ သိရှိလိုသည့်အချက်အလက်များကို အချိန်တိုအတွင်း ရှာဖွေသိရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်ခြင်း၊ ပညာရေးအတွက်များစွာ အထောက်အကူပြုခြင်းနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းတို့ကြောင့် လူမှုကွန်ရက်ကို အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်သည်။

ဆိုရလျှင် လူမှုကွန်ရက်ကို နည်းစနစ်မှန်မှန် အသုံးပြုခြင်းဖြင့် လူမှုဘဝအတွက် အဖက်ဖက်မှ အကျိုးအမြတ်များစွာရရှိနိုင်သကဲ့သို့ နည်းပညာပိုင်းဆိုင်ရာအားနည်းခြင်း၊ အသိအမြင်နှင့် ဗဟုသုတ နည်းပါးခြင်းများကြောင့် လူမှုကွန်ရက်၏ အသုံးချခံလူသားများ ဖြစ်လာကြပြီး ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းလည်း မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် လူမှုကွန်ရက် အသုံးပြုသူများအနေဖြင့် တစ်ကိုယ်ရေအချက်အလက်များလုံခြုံမှုအတွက် နည်းပညာပိုင်းဆိုင်ရာအသိပညာ ဗဟုသုတများ ရှာမှီးခြင်းအပြင် လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုများကိုလည်း လေ့လာဆန်းစစ်သွားကာ အကျိုးရှိစွာ အသုံးချသွားသင့်ပါကြောင်း အကြံပြုတိုက်တွန်း ရေးသားလိုက်ရပါသည်။

# တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရမှတ်လိုအပ်နေတဲ့ ဘီလ်ဘာအိုအသင်း၊ ဖီအိုရင်တီးနားအသင်း၊ နယူးကာဆယ်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



တနင်္ဂနွေနေ့ညကစားမဲ့ ပြိုင်ပွဲတွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာဖြစ်လို့ အကြိတ်အနယ်ရှိလာအုံးမှာသေချာပါတယ်။ ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေရှိခဲ့တာကြောင့် အဲဒီပြိုင်ပွဲကစားခဲ့ရတဲ့ အသင်းကြီးတွေအနေနဲ့ ဒဏ်ရာရပွဲပန်းမှုရှိနေမှာဖြစ်လို့ သတိထားချဉ်းကပ်ရမှာပါ။ လက်ရှိအချိန်ဟာ အသင်းအားလုံးကစားကွက်ပိုင်းတည်ငြိမ်လာသလို ရမှတ်လိုအပ်မှုကလဲ အသင်းတိုင်းအရေးကြီးလာတာကြောင့် အသင်းကြီးအသင်းငယ် ခြေစွမ်းပိုင်းထည့်သွင်းစဉ်းစားမရတော့ဘဲ အိမ်ရှင်အားသာချက်ရှိတဲ့ အသင်းတွေက ရလဒ်ပိုကောင်းနေတာကို တွေ့ရမှာပါ။ အများအားဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့နဲ့ တန်းမဆင်းရဖို့ကြိုးပမ်းနေတဲ့ အသင်းတွေကတော့ ရေကုန်ရေခမ်းကစားတတ်တာကြောင့် တနင်္ဂနွေပွဲစဉ်တွေမှာလဲ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရမှတ်ဆုံးရှုံးမရတဲ့ အသင်းကိုပဲ ရွေးချယ်မှာဖြစ်ပါတယ်။

## ဘီလ်ဘာအိုအသင်းနဲ့လက်တွဲရမှာပါ

လာလီဂါပွဲစဉ် (၃၁) မှာ ကစားမဲ့ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုအသင်းနဲ့ ဗယ်လ်ကာနိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘီလ်ဘာအိုအသင်းဟာ ပွဲစဉ် (၃၀) ကစားအပြီးမှာ ရမှတ် ၅၄ မှတ်နဲ့ အဆင့်(၄) မှာရောက်ရှိနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရခဲ့ပေမဲ့ ရမှတ်လိုအပ်ချက်ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့ပွဲစဉ်တိုင်းကို ရမှတ်ဆုံးရှုံးခံလို့မရတဲ့အခြေအနေမှာ ဗယ်လ်ကာနိုအသင်းနဲ့ ကစားခဲ့ရလို့ မဖြစ်မနေနိုင်ပွဲရဖို့ ပြင်ဆင်လာမှာပါ။ အထူးသဖြင့် မာယော့ကာ၊ အိုဆာဆူနာတို့လို အသင်းတွေနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ တောင်ပံတိုက်စစ်က နစ်ကိုးဝီလျံနဲ့ အီနာကီဝီလျံတို့အတွဲဟာ အဆုံးသတ်ပိုင်းအားနည်းနေတာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ သူတို့နည်းပြအနေနဲ့ တောင်ပံတိုက်စစ်က ဂိုးရဖို့ရှန်းကန်နေရတဲ့ ကစားသမားတွေနေရာမှာ ပြောင်းလဲအသုံးပြုနိုင်တာကြောင့် တိုက်စစ်ကစားပုံထက်မြက်လာနိုင်လို့ ဗယ်လ်ကာနိုကို ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဗယ်လ်ကာနိုအသင်းကတော့ အိမ်ကွင်းကစားပုံကောင်းတဲ့ အသင်းဖြစ်တာကြောင့် ပွဲစဉ် (၃၀) အပြီးမှာ ရမှတ် ၄၀ ထိ စုဆောင်းနိုင်ခဲ့လို့ အဆင့် (၉) မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းမှာဆို အသင်းကြီးတွေဖြစ်တဲ့ အေတီကို၊ ရီးရဲလ်မက်ဒရစ်တို့လို အသင်းတွေကိုတောင် သရေကစားနိုင်ခဲ့သလို ခြေရည်တူအသင်းတွေဖြစ်တဲ့ ဗယ်လာဒိုးလစ်၊ ဂျီရိုနာစတဲ့ အသင်းတွေကိုလဲ နိုင်ပွဲရယူခဲ့တာကြောင့် လာလီဂါဆက်လက်ကစားဖို့လုံလောက်တဲ့ရမှတ်ရရှိခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာလဲ အက်စ်ပန်ညိုအသင်းကို အိမ်ကွင်းမှာ လေးဂိုးပြတ်ရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာမရှိသလို နောက်ကစားခဲ့တဲ့ငါးပွဲမှာလဲ တစ်ပွဲသာအနိုင်ရခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ သူတို့နှစ်သင်းမှာ စုဖွဲ့မှုနဲ့ခြေစွမ်းပိုင်းက ဘီလ်ဘာအိုက အသာရနေသလို တွေ့ဆုံမှုမှာလဲအသာရနေတာကြောင့် ရမှတ်လိုအပ်နေတဲ့ အိမ်ရှင်နဲ့ပဲ လက်တွဲရမှာပါ။

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ၁ | မာယော့ကာ |
| ဘီလ်ဘာအို | ၃ | - | ၁ | ရိုးမား |
| ဆီဗီလာ | ၀ | - | ၁ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၀ | - | ၀ | အိုဆာဆူနာ |
| ဗီလာရီးရဲလ် | ၀ | - | ၀ | ဘီလ်ဘာအို |

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၁ | - | ၁ | ဆီဗီလာ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၂ | - | ၂ | ဆိုစီဒက် |
| အလာဗက် | ၀ | - | ၂ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၀ | - | ၄ | အက်စ်ပန်ညို |

## ဖီအိုရင်တီးနားအသင်း ရလဒ်ကောင်းမှာပါ

အီတလီစီးရီးအေပွဲစဉ် (၃၂) မှာ အကြိုက်တွေ့မိတာကတော့ ဖီအိုရင်တီးနားအသင်းနဲ့ ပါးမားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖီအိုရင်တီးနားဟာ တိုက်စစ်မှူး ဂွန်ဇာလက်ဇ်ထွက်ခွာပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကျဆင်းသွားခဲ့ပေမဲ့ ဂျူဗင်တပ်အသင်းက မွိုက်ကိန်းကို အစားထိုးနိုင်ခဲ့လို့ ရလဒ်ပြန်ကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ လက်ရှိမှာ ရမှတ် ၅၂ မှတ်စုဆောင်းနိုင်ခဲ့လို့ အဆင့်(၈) မှာရောက်နေပေမဲ့ အဆင့်(၄) ဘိုလော့နာအသင်းနဲ့ ရမှတ်ငါးမှတ်သာ ကွာဟနေလို့ ချန်ပီယံလိဂ်ဝင်ခွင့် အတွက်မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ ဒါ့ပြင် တနင်္ဂနွေညမှာ အဆင့်(၄) ဘိုလော့ကလဲ အတ္တလန်တာအသင်းနဲ့ ပွဲကျပ်ကစားရမှာဖြစ်နေတာကြောင့် ဖီအိုရင်နီးနားအနေနဲ့ အခုပွဲကို မဖြစ်မနေရမှတ်ရှာပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကြိုးပမ်းလာမှာပါ။ ဒါ့ကြောင့် နောက်ပိုင်းမှာ တိုက်စစ်ကစားအားကောင်းလာတဲ့ ဖီအိုရင်တီးနားအနေနဲ့ ပြိုင်ဘက်မရွေး ဂိုးသွင်းယူနိုင်တာဖြစ်လို့ ပါးမားအသင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မလွယ်ပါဘူး။

ပါးမားအသင်းဟာ အခုနှစ်မှာ စီးရီးအေကို ပြန်လည်တန်းတက်ခွင့်ရခဲ့ပေမဲ့ ခြေစွမ်းပြကစားသမားခေါ်ယူ နိုင်ခြင်းမရှိလို့ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ လက်ရှိ ပွဲစဉ် ၃၁ အပြီးမှာ ရမှတ် ၂၇ မှတ်သာ ရရှိခဲ့ပြီး အဆင့်(၁၆) မှာရပ်တည်နေပေမဲ့ အဆင့်(၁၈) က အမ်ပိုလီနဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေတာကြောင့် တန်းဆင်းဇုန် ဖိအားအောက်ကျရောက်နေတာကို တွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးပွဲစဉ်မှာ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ အင်တာမီလန်နဲ့တွေ့ဆုံခဲ့ပေမဲ့ တန်ပြန်တိုက်စစ်ကနေ ဖိအားပေးနိုင်ခဲ့လို့ ချေပဂိုးတွေပြန်လည်သွင်းယူခဲ့တဲ့ ခြေစွမ်းက အားရစရာဖြစ်နေပါတယ်။ ဒါပေမဲ့ ပါးမားအနေနဲ့ အနိုင်ရဖို့ထက် ရမှတ်ခွဲယူဖို့ အလေးထားနေတာကြောင့် ခံစစ်အားပြုကစားနေလို့ ပြိုင်ဘက်ရဲ့ ဦးဆောင်မှုကို ခံနေရတာကိုတွေ့ရမှာပါ။ လက်ရှိမှာ ဖီအိုရင်တီးနားလို တိုက်စစ်ကောင်းတဲ့အသင်းကို ခံစစ်အားပြုကစားရင်တော့ ပါးမားအသင်းရှုံးပွဲကြုံဖို့ သေချာသလို တိုက်စစ်မှူး မွိုက်ကိန်းကို မထိန်းချုပ်နိုင်ရင်တော့ပေးဂိုးများသွားမှာပါ။ အခုပွဲမှာ ပါးမားအနေနဲ့ ဒဏ်ရာရကစားသမား ရှစ်ယောက်ထိ ရှိနေတာကလဲ အားနည်းချက်ဖြစ်နေတာကြောင့် အိမ်ကွင်းအားသာချက်နဲ့ ရမှတ်ရှာဖွေမဲ့ ဖီအိုရင်တီးနားပဲ ရလဒ်ကောင်းမှာပါ။

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၂ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၃ | - | ၁ | အိုလံပီယာကို့စ် |
| ဖီအိုရင်တီးနား | ၃ | - | ၀ | ဂျူဗင်တပ် |
| ဖီအိုရင်တီးနား | ၁ | - | ၀ | အတ္တလန်တာ |
| အေစီမီလန် | ၂ | - | ၂ | ဖီအိုရင်တီးနား |

### ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၁ | - | ၀ | ပါးမား |
| ပါးမား | ၂ | - | ၂ | တိုရီနို |
| မွန်ဇာ | ၁ | - | ၁ | ပါးမား |
| ဗီရိုနာ | ၀ | - | ၀ | ပါးမား |
| ပါးမား | ၂ | - | ၂ | အင်တာမီလန် |

## နယူးကာဆယ်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ည ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့ မန်ယူအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ ကာရာဘောင်းဖလားပြိုင်ပွဲမှာ လီဗာပူးအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီးနောက်ပိုင်း ယုံကြည်မှုပိုင်းမြင့်တက်လာတာကြောင့် ရလဒ်တွေ ဆက်တိုက်ကောင်းနေတာဖြစ်ပါတယ်။ လက်ရှိပွဲ ၃၀ ကစားအပြီးမှာ ရမှတ် ၅၃ မှတ်ထိ ရရှိခဲ့တာကြောင့် အဆင့်(၅) မှာရောက်ရှိနေပြီး ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာရရှိနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ လက်ကျန်ပွဲစဉ် ရှစ်ပွဲကျန်ရှိနေသေးတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ ရမှတ်ရှာဖွေနိုင်မှ ချန်ပီယံလိဂ်ဝင်ခွင့်ရမှာဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာတော့ အဆင့်(၃) က နော့တင်ဟမ်ကစပြီး အဆင့် (၇) အေဗီလာထိ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့်လဲ လာမဲ့ပွဲစဉ်တွေဟာ အရေးကြီးနေတာကိုတွေ့ရမှာပါ။ အခုပွဲမှာလဲ မန်ယူနဲ့တွေ့ဆုံနေတာကြောင့် ပွဲကျပ်နေပေမဲ့ မန်ယူအသင်းအနေနဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ကစားသမားနဲ့ နည်းပြကြား နားလည်မှုမရသေးဘဲ ရလဒ်ကျဆင်းနေဆဲဖြစ်ပါတယ်။ နယူးကာဆယ်ဟာ တိုက်စစ်က ဝီလော့၊ ဂေါ်ဒွန်၊ ခံစစ်က လက်ဆဲလ်လက်စ်၊ ဘော့မန်းတို့ဒဏ်ရာရနေပေမဲ့ တိုက်စစ် အစ်ဆက်၊ အက်ရှ်လေဘန်း၊ မာဖီတို့က လိုအပ်တဲ့ဂိုးတွေ သွင်းယူပေးနေသလို အက်ဆက်က သွင်းဂိုး ၂၀ ထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ပထမအကျော့မှာလဲ နယူးကာဆယ်က မန်ယူကို အဝေးကွင်းကနေ နိုင်ပွဲရခဲ့သလို လက်ရှိခြေစွမ်းနဲ့ စုဖွဲ့မှုကလဲ ကောင်းနေတာကြောင့် အခုပွဲမှာ မန်ယူအသင်းကို ဖိအားပေးနိုင်မှာပါ။

မန်ယူအသင်းဟာ နည်းပြအာမိုရင်လက်ထက်မှာ တိုက်စစ်ကစားပုံတိုးတက်လာပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရသေးတာကြောင့် ၃၁ ပွဲ အပြီးမှာ ရမှတ် ၃၈ မှတ်ရခဲ့ပြီး အဆင့်(၁၃) မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုနှစ်အမှတ်ပေးပွဲမှာ ဥရောပဝင်ခွင့်ရဖို့ အခွင့်အရေးမရှိတော့တာကြောင့် အမှတ်ပေးထက် ယူရိုပါလိဂ်ပြိုင်ပွဲကို အာရုံစိုက်နေတာကို တွေ့ရမှာပါ။ ယူရိုပါလိဂ်ပြိုင်ပွဲမှာတော့ ကွာတားဖိုင်နယ်ထိရောက်ခဲ့တာကြောင့် ဒီပြိုင်ပွဲမှာ ဆုဖလားရခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်ရမှာဖြစ်လို့ အစွမ်းကုန်ကြိုးစားနေတာကို တွေ့ရမှာပါ။ ကြားရက်မှာလဲ လိုင်ယွန်နဲ့ ယူရိုပါလိဂ်ကစားရမှာဖြစ်ပြီး အဲဒီပွဲမှာ အဓိက ကစားသမားအကုန် အသုံးပြုမှာသေချာနေလို့ အမှတ်ပေးပွဲမှာ ကစားအားကျဆင်းသွားမှာသေချာပါတယ်။ ဒါကြောင့် မန်ယူဟာ အမှတ်ပေးပွဲထက် ယူရိုပါလိဂ်ပွဲကိုအလေးထားနေချိန်မှာ နယူးကာဆယ်ကလဲ ရမှတ်လိုအပ်ချက်ရှိနေတာဖြစ်လို့ အခုပွဲဟာ နယူးကာဆယ်အတွက် နိုင်ပွဲရဖို့အခွင့်အရေးများနေတာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားကွက်ပိုင်းမှာလဲ နယူးကာဆယ်က မန်ယူအသင်းထက် အသာရနေတာကြောင့် အခုပွဲမှာ နယူးကာဆယ်အသင်းကို ရွေးချယ်ရမှာပါ။

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၁ | - | ၂ | ဘရိုက်တန် |
| ဝက်စ်ဟမ်း | ၀ | - | ၁ | နယူးကာဆယ် |
| လီဗာပူး | ၁ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| လက်စတာ | ၀ | - | ၃ | နယူးကာဆယ် |

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၁ | - | ၁ | အာဆင်နယ် |
| မန်ယူ | ၄ | - | ၁ | ဆိုစီဒက် |
| လက်စတာ | ၀ | - | ၃ | မန်ယူ |
| နော့တင်ဟမ် | ၁ | - | ၀ | မန်ယူ |
| မန်ယူ | ၀ | - | ၀ | မန်စီးတီး |











**ဒေါ်ခင်စန်း (ခ) ဒေါ်စန်းစန်းနိုင်**

**အသက် (၈၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကူမဲမြို့၊ ဆည်ရွာရပ်ကွက်နေ ဒေါ်တင်တင်ဝေ၊ ဦးမြတ်အောင် + ဒေါ်လှလှတင်တို့၏ မွေးမိခင် မနုနုခင်၏အဘွားဖြစ်သူ

**ဒေါ်ခင်စန်း (ခ) ဒေါ်စန်းစန်းနိုင်**

**အသက် (၈၇) နှစ်သည်**

၁၀-၄-၂၀၂၅ ရက်နေ့ နံနက် ၀၇:၁၀ နာရီတွင် ကူမဲမြို့၌ ကွယ်လွန်သွားပါကြောင်းနှင့် ယင်းနေ့၌ပင် သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**နိုင်ငံတစ်ဝန်း**

**စိမ်းလန်းဖို့**

**သစ်ပင်**

**စိုက်ပျိုး**

**ထိန်းသိမ်းစို့။**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကို ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုများ ကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသသို့ သွားရောက်စစ်ဆေး၊ ဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုများကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသသို့ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘေးဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် အင်းခြံကေလာကျေးရွာအုပ်စု ကေလာကျေးရွာသို့ စက်လှေများဖြင့် ရောက်ရှိပြီး ကေလာကျေးရွာအုပ်စုအတွင်း လူနေအိမ်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့မှုနှင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို မေးမြန်းကာ

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563